ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊နယုန်လကွယ်၊ ဗုဒ္ဓဟူးနေ့၊ (16-6-2004) (၄၂၆၆)

ထင်ချုန်းမိုး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း (၈၀) ဖြစ်သည်။

ပူဇာစ ပူဇ နေယျာနံ၊ တေံ မင်္ဂလ မုတ္တမံ။ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်
- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်
- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်
- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ကတည်ဆောက်ပေးသည့် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများကိုအပြည့်အဝအသုံးချ ဆန်စပါးပိုလျှံသည်ထက် ပိုလျှံအောင်ထုတ်လုပ်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုး

မြို့နယ်အဆင့် တာဝန်ခံများ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို စေတနာထား အလေးပေးဆောင်ရွက် ကျေးလက်နေပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံ၍ ပြည်သူများ၏ဘဝကို နားလည်စာနာ

ရန်ကုန် ဇွန် ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့နှင့်အတူ ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကြီးစောက်ကျေးရွာသို့ ရောက်ရှိကြပြီး ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲ

ဆက်လက်၍ အရာတော်မြို့နယ် မကြီးစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းဆောင်သစ် အလှူရှင် မန္တလေးမြို့မှ ဦးရှမ်း-ဒေါ်ခင်သန်းမိသားစု(ကေတီဖိနပ်နှင့် ဖိနပ်ပစ္စည်းရောင်းဝယ်ရေး)၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

မကြီးစောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၁၃ရက်က အရာတော်(၂) မကြီးစောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်း မူးမြစ်၏ ရေစီးရေလာအခြေအနေကို ကြည့်ရှု စစ်ဆေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၁၆-၆-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအကျိုးပြု ပြည်ထောင်စုပေါင်းကူး မြစ်သာတံတားတည်ဆောက်

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်ပေါ်၌တည်ရှိပြီး မြစ်သာမြစ်ကို ဖြတ်ကူး တည်ဆောက်ထားသော မြစ်သာတံတား(ကလေးဝ)ကို ဇွန်လ ၁၂ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်က စစ်ကိုင်းတိုင်းအတွင်း၁၂စင်းမြောက် ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတားကြီးဖြစ်ပြီး အရှည်ပေ ၁၃၂၀ ရှိသည်။

မြစ်သာတံတား(ကလေးဝ)ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြစ်သာတံတား(ကလေးဝ)ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ **ဤမြစ်သာမြစ်ကူးတံတားသည်ပြည်ထောင်စုကြီး၏ ပေါင်းကူးတံတားကြီးများအနက် ပေါင်းကူးတံတားတစ်စင်းဖြစ်ပါကြောင်း၊ ချင်းပြည်နယ်နှင့် ဤဒေသပတ်ဝန်းကျင်ရှိ တိုင်းရင်းသား သွေးချင်းများသည် အခြားဒေသများရှိ တိုင်းရင်းသားသွေးချင်းများထံ လွယ်လင့်တကူ အချိန်တိုအတွင်းသွားလာနိုင်အောင် ဤတံတားကြီးက ပေါင်းကူးဆက်သွယ်ပေးနိုင်ပြီဖြစ်ကြောင်း** ပြောကြားသွားသည်။

စစ်ကိုင်းတိုင်းသည် ပထဝီအနေအထားအရ အလွန်ကျယ်ဝန်းသော တိုင်းတစ်တိုင်းဖြစ်သည်။ ထို့အပြင် ချင်းတွင်းမြစ်သည်လည်း နယ်မြေအတွင်း ရှည်လျားစွာ စီးဆင်းလျက်ရှိသဖြင့် စစ်ကိုင်းတိုင်း၏ အနောက်မြောက်ပိုင်းဒေသရှိပြည်သူများသည် မြစ်ကြောင်းလမ်းကိုသာ အဓိကအားကိုးသွားလာကြရသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်ကို ဖောက်လုပ်ပေးထားသည့်အပြင်ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ကိုပါ တည်ဆောက် ဖွင့်လှစ်ခဲ့ပြီဖြစ်ရာ စစ်ကိုင်းတိုင်းအတွင်း ကုန်းလမ်းခရီးဆက်သွယ်သွားလာမှု လွယ်ကူကောင်းမွန်လာပြီဖြစ်သည်။

ယခုတစ်ဖန် မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းသစ်ပေါ်ရှိ မြစ်သာမြစ်ကူးတံတား(ကလေးဝ)ကို တည်ဆောက် ဖွင့်လှစ်နိုင်သည့် အတွက် စစ်ကိုင်းတိုင်းအတွက်သာမက ချင်းပြည်နယ်နှင့် နယ်စပ်ဒေသ၊ ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဒေသများအတွက်ပါ စီးပွားရေးနှင့် လူမှုရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြု သွားနိုင်မည် ဖြစ်သည်။

အထူးသဖြင့် စစ်ကိုင်းတိုင်း ကလေးခရိုင်နှင့် ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်းနေထိုင်ကြသည့် လူဦးရေ ၇၆၀၀၀၀ ကျော်အတွက် ကူးလူးဆက်သွယ်မှု လျင်မြန်လွယ်ကူလာစေမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ချင်းပြည်နယ်နှင့် ကလေးဒေသ ပတ်ဝန်းကျင်ရှိ တိုင်းရင်းသားသွေးချင်းများနှင့် အခြားပြည်နယ်နှင့်တိုင်းများရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား မြစ်သာမြစ်ကူး(ကလေးဝ) တံတားကြီးက ပေါင်းကူးဆက်သွယ် ပေးသွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ကလေးဒေသနှင့် မုံရွာဒေသအကြား၊ မုံရွာဒေသနှင့် ချင်းပြည်နယ်(မြောက်ပိုင်း)တို့အကြား၌ ပြည်သူများ ကူးသန်းဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် လမ်းသစ်များဖောက်လုပ်၍ တံတားသစ်များ တည်ဆောက်ပေးသကဲ့သို့ အခြားပြည်နယ်နှင့်တိုင်းများအပါအဝင် ပြည်ထောင်စုကြီး၏ တစ်နံတစ်လျားတွင်လည်း လမ်း၊ တံတားပေါင်းများစွာကို တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိသည်။

ယခုအခါ တစ်နိုင်ငံလုံး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မြစ်သာတံတား အပါအဝင် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၁၇၂ စင်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့က ခုနစ်စင်း၊ မြန်မာ့မီးရထားက ခြောက်စင်း စုစုပေါင်းတံတားကြီး ၁၈၅ စင်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

တစ်ချိန်တည်းတွင် မော်တော်ကားလမ်း မိုင်ပေါင်း ငါးသောင်းကျော်အထိလည်း တိုးချဲ့ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။ ယင်းကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးတွင် လမ်းများ၊ တံတားများကို ကွန်ရက်သဖွယ် လက်ယှက်ထိုး တည်ဆောက်ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုဖွားသားချင်းများ၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေး အဆင့်အတန်းမြှင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲရေးတို့အတွက် အဓိကကျသည့် ပြည်ထောင်စု ပေါင်းကူးလမ်း၊ တံတားများစွာကို ဆက်လက် တည်ဆောက် ဖောက်လုပ်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ရန်ပုံငွေ ရုပ်ရှင်ပြပွဲတွင် ကူညီခဲ့သူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ရန်ပုံငွေရုပ်ရှင်ပြပွဲတွင် ကူညီခဲ့သူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့) ဦးဆောင်နာယကကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ ဂုဏ်ပြုလွှာများချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးသိန်းအောင်နှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(အမျိုးသမီးဆရာဝန်များအဖွဲ့) နာယကကြီးများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်း(အမျိုးသမီးဆရာဝန်များအဖွဲ့) ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်လေးကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ပုံငွေရုပ်ရှင်ပြပွဲတွင် ကူညီခဲ့ကြသူများဖြစ်သောပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည် ကိုယ်စား ညွှန်ကြားရေးမှူး(ထုတ်လုပ်ရေး)ဦးမြင့်သိန်းဖေအားလည်းကောင်း၊ **"အမေ့နို့ဖိုး"** ရုပ်ရှင်ကား အလှူရှင် အမျိုးသားရုပ်ရှင်မှ ဦးစိန်တင်ကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား လည်းကောင်း၊ Lucky Seven ရုပ်ရှင်မှ **"စတိုင်"** ရုပ်ရှင်ကား အလှူရှင် ဒေါ်အေးအေးဝင်းအား လည်းကောင်း၊ မင်္ဂလာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းအား လည်းကောင်း၊ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ ဈေးကွက်စီးပွားရေး အကြံပေးပုဂ္ဂိုလ် ဦးသိန်းဆိုင်ကိုယ်စား ဦးဇင်အောင်အားလည်းကောင်း၊ ငွေကျပ်သုံးသိန်း အလှူရှင် ကြယ်တံခွန်ရုပ်ရှင်မှ ဒေါ်စန်းစန်းဆွေနှင့် သမီး ရုပ်ရှင်သရုပ်ဆောင် ခင်ဇာခြည်ကျော်တို့ကိုယ်စား ဦးမြစိန်အားလည်းကောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့)ဦးဆောင်နာယကကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဂုဏ်ပြုလွှာများကို အသီးသီးချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့) ဦးဆောင်နာယကကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ရန်ပုံငွေရုပ်ရှင်ပြပွဲတွင်ကူညီသူများအား ဂုဏ်ပြုပွဲ အခမ်းအနားသို့တက်ရောက် ပြီး ဂုဏ်ပြုလွှာများပေးအပ်ချီးမြှင့်စဉ်။(သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် နဝမအကြိမ်မြောက် အာရှဒေသဆိုင်ရာရေနံနှင့် သဘာဝဓာတ်ငွေ့ကွန်ဖရင့်သို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာပြည်သားများ တိုးတက်စေချင်လှပါသည်ဟု ဆိုသူများသို့

* မိခင်ကျန်းမာ၊ အားရှိပါမှ
ဝမ်းမှာလွယ်ထား၊ သန္ဓေသားသည်
အင်အားအပြည့်၊ ဉာဏ်ရည်ပြည့်နှင့်
ပကတိကျန်းမာ၊ လန်းရွှင်စွာဖြင့်
မွေးလာတတ်တာ၊ သေချာပါ၏။

* ဝမ်းမှာလွယ်ထား၊ သား၏မိခင်
အားအင်ချည့်နဲ့၊ ဖြစ်တုံခဲ့မူ
အားနွဲ့သည့်သား၊ ဉာဏ်ရည်အားဖြင့်
နိမ့်ပါးသူသာ၊ မွေးတတ်ပါ၏။

* အားအင်ပြည့်ဖြိုး၊ ဉာဏ်ဖွံ့ဖြိုးသည့်
သားမျိုးကိုသာ၊ ရလိုပါက
ဝမ်းမှာလွယ်ထား၊ သား၏မိခင်
အားအင်ပြည့်ရေး၊ လန်းရွှင်ရေးသည်
အရေးပထမ၊ အဓိက
ကြောင်းကျိုးဆက်စပ်၊ တွေးကြည့်ကြ။ ။

ပျံလွှား

မြန်မာ့ပညာရွှေအိုးကြီး ဖြိုးပြက်ထိန်ညီးလျက်

ဆရာချစ်

ယခု ဇွန်လာရက်နေ့မှစပြီး ပြည်ထောင်စုတစ်ဝန်းလုံးရှိ အခြေခံပညာသင်ကျောင်းအားလုံး ဖွင့်ကြပြီ။ ပညာရည်မြင့်မားရေး မြှင့်တင်မှုအစီအစဉ်အရ ကလေးတို့ အသိဉာဏ်ပညာ ပိုမိုပွင့်လန်းစွာ နိုင်ငံတော်၏ စွမ်းရည်မြင့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာရန် တက်ကြွရွှင်လန်းစွာ အတန်းတစ်တန်းတက်ကာ သင်ယူနေကြပြီ။ ငြိမ်းချမ်းစွာ ပညာသင်ကြားရေး ပတ်ဝန်းကျင်ကောင်းကို မိဘ၊ ဆရာ၊ ကျောင်းသူ၊ ကျောင်းသားများဖြင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြသည်။

တစ်ခါတစ်ရံ ပြင်ပလေစိမ်းနှင့်အတူ အိုးခြစ်တိုက်သော ညှော်နံ့များ ပျံ့ဝင်လာတတ်သည်။ ယင်းညှော်နံ့ဆိုးများမှာ ပညာရေးအနာရောဂါ ကင်းရှင်းသော မြန်မာနိုင်ငံအတွက် ချက်ချင်းပြယ်သွားစမြဲဖြစ်သည်။ ယနေ့ တည်ငြိမ်အေးချမ်းပြီး ဘက်ပေါင်းစုံ၌ တိုးတက်ဖွံ့ဖြိုးလာနေသော မြန်မာနိုင်ငံတွင် ရေမြင့်က ကြာတင့် ဆိုဘိသကဲ့သို့ ပညာရေးသည်လည်း မြင့်တက်လာသည်မှာ အမှန်ပင်။

အနောက်မှ မီဒီယာတစ်ခုက မြန်မာနိုင်ငံ၏ပညာရေးစနစ်သည် အဆင့်အတန်းမရှိ၊ အလွန်တရာနိမ့်ကျသည်ဟု မဆင်မခြင်စွပ်စွဲပုတ်ခတ်လိုက်သည်။ ထိုစွပ်စွဲပုတ်ခတ်ချက်မှာ ယနေ့ခေတ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာနေခြင်း၊ ဖွံ့ဖြိုးဝေဆာ စည်ပင်ဝပြောလာခြင်းကို မရှုဆိတ်၍ မမှန်မကန် လုပ်ကြံစွပ်စွဲသော မုသားများအနက်မှ တစ်ချက်သာ ဖြစ်သည်။

တစ်ခုခက်နေသည်မှာ ထိုသို့ မြန်မာ့ပညာရေးစနစ် တိုးတက်မြင့်မားလာမှုကို ဝေဖန်သော ထိုမီဒီယာများ အခြေစိုက်သည့် ရေခံမြေခံပင်ဖြစ်သည်။ ထိုရေခံမြေခံနိုင်ငံများသည် တစ်ချိန်က မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံ လေးပုံသုံးပုံခန့်ကို ကျူးကျော်ကျွန်ပြု၊ ကျွန်ဇာတ်သွင်း၊ ကျွန်သက်ရှည်အောင် ကျွန်ပညာရေးစနစ်ကိုသာ ချမှတ်ခဲ့သည့် နယ်ချဲ့နိုင်ငံများ ဖြစ်နေသည်ကို တွေ့ရသည်။ ကမ္ဘာတွင် ထိုနိုင်ငံများလောက် ကိုယ်ကျိုးအတွက် နယ်ချဲ့ကျူးကျော်သောနိုင်ငံမျိုး မရှိ။ ထိုနိုင်ငံများလောက် ကမ္ဘာ့နိုင်ငံအများစု၏ လွတ်လပ်ရေး (အချုပ်အခြာအာဏာ)ကို လုယက်ခားပြတိုက်သူ၊ ကမ္ဘာ့နိုင်ငံအများစု၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့ကို ချိုးဖောက်၊ ကမ္ဘာ့နိုင်ငံအများစု၏ သယံဇာတ အရင်းအမြစ်များ၊ ထွက်ကုန်များကို သွေးစုပ်သောနိုင်ငံမျိုးမရှိ။ ကိုလိုနီလက်အောက်ခံနိုင်ငံများ၏ အမျိုး၊ ဘာသာ၊ သာသနာ အရေးကို ဖျက်လိုဖျက်ဆီးလုပ်ပြီး ကျွန်ပညာသွတ်သွင်းသောနိုင်ငံမျိုး မရှိချေ။

သို့ပါလျက် ထိုနယ်ချဲ့လက်ဟောင်း(လက်သစ်)နိုင်ငံများက လွတ်လပ်ပြီး အချုပ်အခြာ အာဏာပိုင်ကာ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို အမျိုးသားရေးအမြင်ဖြင့် အကောင်အထည်ဖော်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးကို မလိုတမာ ဝင်စွက်ကာ မမှန်မကန် စွပ်စွဲပုတ်ခတ်နေပေသည်။ ကိုလိုနီလက်ဟောင်းပုံစံ ကမ္ဘာကလက်မခံတော့သဖြင့် ကိုလိုနီပုံစံသစ်ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဝါးမျိုနိုင်ရန် အားထုတ်ရာတွင် ယခုကဲ့သို့ မီဒီယာများသုံးပြီး မမှန်မကန် စွပ်စွဲပုတ်ခတ်သည့် နည်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

မြန်မာနိုင်ငံပညာရေးသမိုင်းကို ပြန်ပြောင်းကြည့်လိုက်လျှင် ရှေးမြန်မာမင်းအဆက်ဆက် လက်ထက်ကတည်းက ဘုန်းကြီးကျောင်းသင် ပညာရေးစနစ်ဖြင့် မြန်မာတို့ သင်ကြားတတ်မြောက်ခဲ့ကြသည်။ ဘာသာတရား အဆုံးအမဖြင့် ကြီးပြင်းလာရသဖြင့်လည်း ယဉ်ကျေးသိမ်မွေ့ကြသည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးသည့်နောက် မြန်မာတို့၏အမျိုးသားပညာရေးစနစ်ကို ဖျက်လိုဖျက်ဆီးလုပ်ကာ ကျွန်ဝန်ထမ်းများ မွေးထုတ်နိုင်မည့် ကျွန်ပညာကို ချမှတ်သင်ကြားစေခဲ့သည်။

ကိုလိုနီပညာရေးစနစ်သည် နယ်ချဲ့တို့၏ ဗျူရိုကရေစီ အုပ်ချုပ်ရေးအတွက် အထောက်အကူပြုသည့် ပညာရေးစနစ်သာဖြစ်ခဲ့သည်။ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို အားပေးမှုနည်းခဲ့သည်။ ခေတ်မီနည်းပညာရပ်များ၊ အဆင့်မြင့် နည်းပညာရပ်များ၊ အသက်မွေးမှု ဖူလုံအဆင့်မြင့်စေမည့် ပညာရပ်များ သင်မပေးခဲ့ချေ။ ကျွန်ပညာပီပီ ကျွန်များ မွေးထုတ်ပြီး မြန်မာတို့ ကျွန်သက်ရှည်စေမည့် ပညာရေးစနစ်သာ ဖြစ်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တက္ကသိုလ်ပညာရေးစနစ် အပါအဝင် အဆင့်ဆင့်သော ပညာသင်ကြားရေးစနစ်သည် ကိုလိုနီပညာရေးကို မွမ်းမံဖာထေးရုံလောက်သာ လုပ်နိုင်ခဲ့သည်။ ၁၉၆၄ ခုနှစ် တော်လှန်ရေးကောင်စီ ဥပဒေအမှတ်(၉)ဖြင့် ၁၉၆၄ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးဥပဒေ ပြဋ္ဌာန်းခဲ့သည်။ အခြေခံပညာရေး ပြုပြင်ရန်လည်း စတင်အားယူခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေပြဋ္ဌာန်း ပြင်ဆင်ချက်များဖြင့် မြန်မာ့ပညာရေးစနစ်တွင် ကိုလိုနီအငွေ့အသက်များ ဖယ်ထုတ်ပြုပြင်ခဲ့သည်။ အခြေခံပညာ၊ အဆင့်မြင့်ပညာတို့တွင် ပညာရည်မြင့်မားရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်သည်။ ပညာရေး နှီးနှောဖလှယ်ပွဲများ ကျင်းပကာ နည်းလမ်းကောင်း၊ အခြေခံကောင်းများရယူခဲ့သည်။ တစ်ဖက်တွင် အစိုးရက ပြည်ထောင်စုတစ်ဝန်းလုံး၌ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ နည်းပညာ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ တိုးတက်တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်ကို မြန်မာတို့ သိကြပြီးဖြစ်သည်။

နိုင်ငံတော်ကြီးခေတ်မီစွာ အဆင့်မြင့်နည်းပညာရပ်များဖြင့် တိုးတက်ဖွံ့ဖြိုးလာအောင် တည်ဆောက်ရေးတွင် လိုအပ်မည့် စွမ်းရည်မြင့်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရန် ၂၈-၅-၉၈ ရက်နေ့တွင် ရည်မှန်းချက် ရှစ်ခုဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများကို ဖွင့်လှစ်ခဲ့သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနအသီးသီးမှ ဖွင့်လှစ်သောသင်တန်းများနှင့် သင်တန်းသားအရေအတွက်မှာ ၂၈-၅-၉၈ မှ ၃၁-၈-၂၀၀၂ ရက်နေ့အထိ သင်တန်းအမျိုးအစား ၁၃၄ ခုတွင် သင်တန်းသား ၆၁၀၃၃ ဦး တက်ရောက်သင်ကြားခဲ့ပြီးဖြစ်သည်။

ဝိဇ္ဇာပညာရပ်၊ သိပ္ပံပညာရပ်များ၌ ကျွမ်းကျင်သော ဝါရင့်ပညာရှင်များအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ပါဝင်ပညာဒါနပြုနိုင်ရန် ၁၆-၈-၉၉ ရက်နေ့တွင် အဖွဲ့ဝင်ပေါင်း ၇၁၇ ဦး ပါဝင်သော မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်များအဖွဲ့ကို တည်ထောင်ခဲ့သည်။ မြန်မာ့ပညာရည် တိုးတက်မြင့်မားရေးအတွက် အာဆီယံအသင်းကြီးအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပညာရေးမြှင့်တင်မှုအစီအစဉ်များအတွက် အဆင့်ဆင့်သော ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ မိဘ၊ ဆရာ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ စေတနာရှင်ပြည်သူများ ပူးပေါင်းကာ စာသင်ကျောင်းတိုင်းလောက်နီးနီးတွင် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု Multi-media စာသင်ခန်းများဖွင့်ထားကာ ကလေးတို့ အဆင့်မြင့် ခေတ်မီနည်းပညာများ ဆည်းပူးနေကြပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့နယ် ၃၂၄ မြို့နယ်တွင် မူလတန်းကျောင်း ၃၅၉၄၈၊ အလယ်တန်း ၂၁၁၁ နှင့် အထက်တန်း ၉၅၂ ကျောင်း ဖွင့်လှစ်ထားသည်။ ကျောင်းသား၊ ကျောင်းသူဦးရေ၊ ဆရာ၊ ဆရာမဦးရေနှင့် အခြေခံပညာ အသုံးစရိတ်တို့လည်း ဆပွားပုံစံဖြင့် တိုးတက်လာသည်။

၁၉၈၈ ခုနှစ်တွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ၃၂ ခုသာရှိရာမှ ယနေ့ ၁၅၀ ကျော်လာပြီဖြစ်သည်။ ငါးဆမျှ တိုးတက်လာခြင်းဖြစ်သည်။ ပြည်နယ်၊ တိုင်းဒေသများအတွင်း တက္ကသိုလ်ပညာ လက်လှမ်းတမီ သင်ကြားနိုင်ရန် ပြည်နယ်၊ တိုင်း၊ မြို့တော်များမှာသာမက ခရိုင်မြို့များမှာပင် နည်းပညာကောလိပ်၊ တက္ကသိုလ်၊ ကွန်ပျူတာကောလိပ်များ ဖွင့်ပေးထားပြီးဖြစ်သည်။

ပညာရည်မြှင့်တင်ရေး ကြိုးပမ်းမှုများကလည်း ရပ်တန့်မနေ၊ ရှေ့သို့သာ ရွေ့လျားလျက်ရှိသည်။ အဝေးသင်ပညာရေးစနစ်၊ စာမတတ်သူပပျောက်ရေး အသုံးလုံးကျေစနစ်၊ ကျောင်းနေသည့်အရွယ် ကျောင်းအပ်နှံရေး ကြိုးပမ်းမှုတို့သည် နိုင်ငံတွင်ဆင်းရဲချမ်းသာမရွေး၊ မြို့ရွာကျေးလက်မရွေး ပြည်သူအားလုံး ပညာတတ်မြောက်စေမည့် လုပ်ရပ်ဖြစ်ပေသည်။

ဂြိုဟ်တုဆက်သွယ်ရေးစနစ်၊ ကွန်ပျူတာကွန်ရက်စနစ်တို့ဖြင့်လည်း ပညာရပ်များ ဖြန့်ဖြူးသင်ကြားပေးလျက်ရှိပေသည်။ e-Education ခေါ် အီလက်ထရွန်းနစ်သုံးသော ပညာသင်ကြားရေးပုံစံလည်း အခိုင်အမာ အခြေချမိပြီးဖြစ်သည်။ ဒီမိုကရေစီနိုင်ငံကြီးအချို့ဆိုသည်တွင် အသားအရောင်ခွဲခြားမှု အကျင့်က မပျောက်သေးချေ။ ထိုနိုင်ငံများ၌ အသားအရောင်၊ လူမျိုး၊ အဆင့်အတန်းခွဲခြားထားသဖြင့် လူတိုင်းစာတတ်ရန်မလွယ်။ ပညာရေးဝေစု အညီအမျှ မရနိုင်ကြချေ။ မြန်မာနိုင်ငံတွင် အသားအရောင်၊ လူမျိုး၊ အဆင့်အတန်း၊ ကျေးလက်၊ မြို့ပြစသည့် ဒေသခွဲခြားကန့်သတ်မှုမျိုး လုံးဝမရှိ၊ အားလုံးပညာသင်နိုင်ကြသည်။

စက်မှုထွန်းကားသော အရင်းရှင်နိုင်ငံများတွင် ပြည်ပမှ ဈေးချိုသော အလုပ်သမား များများစားစားရရှိရန် လူဝင်မှုစည်းဖျက်ချိုးကာ မှောင်ခိုအလုပ်သမားများ လက်ယပ်ခေါ် လက်ခံအသုံးပြုကြသည်။ အလားတူပင် ဖွံ့ဖြိုးဆဲနိုင်ငံများစွာမှ ပညာအရည်အချင်းကောင်းရှိထားသူများကိုလည်း မက်လုံးပြကာ သွေးဆောင်ခေါ်ယူကြသည်။ သက်ဆိုင်ရာနိုင်ငံအတွက် ပညာတတ်များ ဆုံးရှုံးရပြီး ထိုစက်မှုအရင်းရှင်နိုင်ငံများအတွက် ဈေးချိုသောပညာရှင် အလုံအလောက်ရရှိ အမြတ်ထွက်စေသည်။ ဈေးချိုသောလုပ်သား၊ ဈေးချိုသော ပညာရှင်ဆိုသည်မှာ ၎င်းတို့မူရင်းလူဖြူလုပ်သား၊ လူဖြူပညာရှင်တို့အား ပေးသော လုပ်ခ၊ လစာမျိုးမပေးရဘဲ လုပ်ခ၊ လစာချိုး နှိမ်လျှော့ချအပေးခံရသည့် ပြည်ပမှ ဝင်ရောက်လာသူများဖြစ်သည်။ ထိုသို့ နိုင်ငံများစွာမှ ပညာတတ်၊ ပညာရှင်များကို ခေါ်လာမြောင်းဖောက်ပြီး သွေးဆောင်ခေါ်ယူခြင်းကို ဦးနှောက်ယိုစီးမှု (Brain drain) ဟု သုံးကြသည်။ သူများလယ်ကွက်မှရေများကို မိမိလယ်ကွက်ထဲ စီးဝင်လာအောင် ကန်သင်းမှဖောက်ယူသောနည်း (ရေသူခိုးနည်း) ဖြစ်သည်။ မြန်မာနိုင်ငံသည် မိမိနိုင်ငံတွင်း၌သာ ပညာတတ်၊ ပညာရှင်ကောင်းများကို ကိုယ့်အားကိုယ်ကိုး မွေးထုတ်ပေးလျက်ရှိသည်။ သူများလယ်ထဲမှ ရေကို ကန်သင်းခိုးဖောက် သွယ်ယူခြင်းမျိုး မရှိပေ။

ယနေ့ မြန်မာနိုင်ငံသည် ကိုလိုနီပညာရေး (ကျွန်ပညာရေး)ကို အကြွင်းမဲ့ ဖယ်ထုတ်ပြီး မြင့်မား၍ ခေတ်မီသော အမျိုးသားပညာရေးစနစ် ပီပီပြင်ပြင် ချမှတ်ဆောင်ရွက် အောင်မြင်လျက်ရှိ၏။ အပြစ်ကင်း၏။ မှန်ကန်မျှတ၏။ မြန်မာ့ပညာရေးစနစ်သည် အမျိုးသားရေးသစ္စာဖောက် ပုဆိန်ရိုးများကို မွေးမထုတ်၊ တိုင်းချစ်ပြည်ချစ်၊ ပြည်ထောင်စုချစ်ပညာရှင်များကိုသာ မွေးထုတ်ပေးလျက်ရှိ၏။ ကိုလိုနီအမွေဆိုးကိုဖယ်ရှားကာ အမှိုက်ပုံးထဲထည့်လိုက်နိုင်၍ ကိုလိုနီ (လက်ဟောင်း၊ လက်သစ်)ဝါဒီတို့နှင့် ၎င်းတို့၏ လက်သပ်မွေး တစ်ပါးကျွန်တို့က ပုတ်ခတ်နေသော်လည်း မြန်မာ့ပညာရွှေအိုးကြီးကား ဖြိုးပြက်ထိန်ညီးလျက် ရှိနေပေသည်။ ။

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့် ပြင်ဦးလွင်မြို့နယ် ဆင်လမ်းဆည်မှ ရေပိုက်လိုင်းသွယ်၍ မြို့ပေါ်ရပ်ကွက်များ ရေဖြန့်ဝေပေးနိုင်ရန် ရေပိုက်လိုင်းဆက်သွယ်မှုအား ကြည့်ရှုစစ်ဆေးစဉ်။ (ကာ-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၆။	မျိုးချစ်တပ်မတော်
၄း၄၀	၇။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀	၉။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Poetry (အင်္ဂလိပ်စာ-အင်္ဂလိပ်စာအထူးပြု)
၅း၃၀	၁၀။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၆။	မြန်မာ့ရှုခင်း
၆း၄၀	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" အပိုင်း (၃၂)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။	ယနေ့ညအတွက်တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ နှစ်မြွှာအသည်း မိုက်ခဲညီနောင်" (အပိုင်း-၅) ဇာတ်သိမ်း**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ဂွာတာနာမို အကျဉ်းစခန်းရှိ အကျဉ်းသားများအား နှိပ်စက်ပုံများပါသည့်တိပ်ခွေ ကန်အာဏာပိုင်များလက်သို့ ပေးအပ်

ဂွာတာနာမို ဇွန် ၁၄

ကျူးဘားနိုင်ငံ ဂွာတာနာမိုဘေး အမေရိကန်ရေတပ်စခန်းတွင် အမေရိကန် အကျဉ်းထောင်တစ်ခုတည်ရှိသည်။ ထိုဂွာတာနာမို အကျဉ်းထောင်တွင် အကျဉ်းသားများကို နှိပ်စက်သော မှတ်တမ်းများ ပါရှိသည့် နာရီ၅၀၀ ကျော်ကြာ ကြည့်ရမည့် ဗီဒီယိုတိပ်ခွေကို စစ်ဘက်ဆိုင်ရာ အာဏာပိုင်များလက်သို့ ပေးအပ်လိုက်ကြောင်း အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

ဂွာတာနာမို အကျဉ်းထောင်သို့ ပြီးခဲ့သောသီတင်းပတ်က စာနယ်ဇင်းသမားများ သွားရောက်ခဲ့ကြသည်။ အကျဉ်းသားများကို နှိပ်စက်သည့် တိပ်ခွေများကို အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်နှင့် ကွန်ဂရက် စုံစမ်းရေးမှူးများက စိစစ်ပြီးသောအခါ အတော်များများကို လူထုသိရှိနိုင်ရန် ထုတ်ပြန်ပေးနိုင်စရာရှိသည်ဟု ဆိုသည်။

ထိုအကျဉ်းထောင်ရှိ အကျဉ်းသားအားလုံးနီးပါးမှာ ၂၀၀၁ ခုနှစ်နောက်ပိုင်းကာလများ ကတည်းက အဖမ်းခံထားရသူများ ဖြစ်သည်။ ၎င်းတို့ကို အမေရိကန်ဦးဆောင်သော အာဖဂန်နစ္စတန်စစ်ပွဲမှ ဖမ်းဆီးခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ ထိုအကျဉ်းသား အများစုမှာ တစ်စုံတစ်ရာ တရားစွဲဆို ရုံးတင်စစ်ဆေးခံရခြင်း မရှိဘဲ ကာလကြာရှည်စွာ ချုပ်နှောင်ခံထားရခြင်းဖြစ်သည်။

ရိုက်ကူးထားသော တိပ်ခွေတွင် တစ်ဖွဲ့လျှင် ငါးဦးစီပါသော ထောင်စောင့်များက နှိပ်စက်နေပုံကို ပြသထားသည်။ အကျဉ်းသားများ ထောင်စည်းကမ်း ဖောက်ဖျက်သဖြင့် ဆုံးမနေပုံဟု ဆိုထားသည်။ အကျဉ်းသားအချို့သည် လူခန္ဓာမှ စွန့်သော အခင်းလေး၊ အခင်းကြီးများနှင့် ထောင်စောင့်များကို ပစ်ပေါက်ခြင်း၊ အချုပ်ခန်းမှ ထွက်လာရန် အမိန့်ပေးသော အခါ မထွက်ဘဲနေခြင်း စသည့် နည်းများဖြင့် ဆန့်ကျင်ခဲ့ကြသည်။ ထိုကဲ့သို့သောလူများကို နှိပ်စက်ခြင်း ဖြစ်ကြောင်း အကျဉ်းထောင် ကြီးကြပ်သူ ဗိုလ်မှူးကြီး နယ်ဆင်ကင်နွန်က ပြောကြားသည်။

မှတ်တမ်းပြုထား

သက်ဆိုင်ရာများသို့ တင်လိုက်သော တိပ်ခွေတွင် အကျဉ်းသားများနှင့် ပတ်သက်သော အဖြစ်အပျက်ပေါင်း ၅၀၀ မှ ၆၀၀ ခန့်တို့ကို မှတ်တမ်းပြုထားသည်။ အကျဉ်းသားများက အမိန့်မနာခံသောအခါ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ခေါ် အိုင်အာရ်အက်ဖ်အဖွဲ့များကို ခေါ်ယူနှိပ်ကွပ်ရသည်။

အိုင်အာရ်အက်ဖ်များကို ခေါ်ယူရသော အမှုများတွင် ၄၅ ရာခိုင်နှုန်းသည် စစ်ကြောရေးခန်းသို့သွားရန် ငြင်းဆန်မှုများဖြစ်ပြီး တစ်ခါတစ်ရံ အကျဉ်းသားများကို သယ်ပိုးသွားရသည်အထိ လုပ်ခဲ့ရသည်များပင်ရှိကြောင်း ကင်နွန်က ဆိုသည်။

ငြင်းဆို

ဂွာတာနာမို အကျဉ်းထောင်မှ ပြန်လွတ်လာသော အကျဉ်းသားအချို့က ၎င်းတို့ကြုံရသော ထောင်တွင်းအတွေ့အကြုံများကို ပြန်၍ဖွင့်ချခဲ့ကြသည်။ အကျဉ်းထောင်အတွင်း၌ စစ်ဆေးရာ၌ ရိုက်နှက်စစ်ဆေးခံကြရကြောင်း၊ အချို့မှာ အရိုးကျိုးသည်အထိ ဖြစ်ခဲ့ရကြောင်း အကျဉ်းသားဟောင်းများက ဆိုကြသည်။ ထိုအချက်များကို မဟုတ်မမှန်ပါဟု အကျဉ်းထောင် အရာရှိများက ငြင်းဆိုကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ဇွန် ၁၃ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသွားသည့် ကားတစ်စီးအနီးတွင် အောင်ပွဲခံနေသည့် အီရတ်လူငယ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အသတ်ခံရမှု အီရတ်ကြားဖြတ်အစိုးရ လက်ထက် ပထမဆုံးဖြစ်စဉ်ဖြစ်

ဘဂ္ဂဒက် ဇွန် ၁၄

အီရတ်နိုင်ငံတွင် ကြားဖြတ်အစိုးရက ဇွန် ၁ ရက်မှ စတင်အုပ်ချုပ်ကတည်းက သေနတ်သမားများက အီရတ်နိုင်ငံသား သံတမန်တစ်ဦးအား စနေနေ့က ပထမဆုံးကြိမ်အဖြစ် ပစ်သတ်ခဲ့ကြသည်။

သေနတ်သမားများက အီရတ်နိုင်ငံခြားရေးဌာနမှ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဘာဆမ်ကပ်ဘာအား သတ်ပစ်ကြခြင်းဖြစ်သည်။ ဘာဆမ်ကပ်ဘာသည် ဆွန်နီအများစုနေထိုင်ရာ ဘဂ္ဂဒက်ရှိ နေအိမ်မှ အလုပ်ဆင်းရန်အလာ လမ်းတွင် ပစ်ခတ်ခံရခြင်းဖြစ်သည်။

အီရတ်နိုင်ငံသိမ်းပိုက်မှု ဇွန် ၃၀ ရက်တွင် တရားဝင် အဆုံးသတ်ခြင်းမရှိမီ အီရတ်တိုက်ခိုက်ရေးသမားများက အမေရိကန်များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အီရတ်နိုင်ငံသားများအား ပစ်မှတ်ထားပြီး တိုက်ခိုက်မှုများ မြင့်တင်နေကြကြောင်း အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်တိုက်ခိုက်ရေးသမားများက ဥပဒေမဲ့လုပ်ရပ်များလည်း လုပ်ကိုင်နေကြလျက်ရှိရာ ပြန်ပေးဆွဲသူများက လက်ဘနွန်နိုင်ငံသား ဟူစိန်အလီအယ်လ်ယန်နှင့် ၎င်း၏ အီရတ်လုပ်ဖော်ကိုင်ဖက်နှစ်ဦးကို ဘဂ္ဂဒက်မြို့တွင် ဖမ်းဆီးပြီး သတ်ပစ်ခဲ့ကြကြောင်း လက်ဘနွန်သံတမန်တစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာ စီးပွားရေးပုံစံသစ် ထူထောင်ရေး ဖွံ့ဖြိုးဆဲနိုင်ငံများ ကြိုးပမ်းရန် တရုတ်တိုက်တွန်း

စောပေါလို ဇွန် ၁၄

အုပ်စု–၇၇(ဂျီ–၇၇) ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နိုင်ငံတကာ စီးပွားရေးပုံစံသစ် ထူထောင်ရေးကို မြေစမ်းခရမ်းပျိုး ကြိုးပမ်းကြရန်နှင့် ကမ္ဘာတစ်ဝန်းဘုံဖွံ့ဖြိုးရေးကို ကြိုးပမ်းရန် တရုတ်နိုင်ငံက သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ အတွင်းတွင် ကမ္ဘာကြီးသည် ပြောင်းလဲခဲ့ကြောင်း၊ ယင်းသို့ပြောင်းလဲမှုကြောင့် မိမိတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းဝင် ကိစ္စများကို ပေါ်ပေါက်စေကြောင်းဖြင့် စောပေါလို၌ ပြုလုပ်သည့် ဂျီ–၇၇ ဝန်ကြီးများအထူးအစည်းအဝေးတွင် တရုတ်လက်ထောက် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ယီက ပြောကြားသည်။

ထူထောင်ခဲ့

ဂျီ–၇၇ အဖွဲ့ကြီးကို ဖွံ့ဖြိုးဆဲ ၇၇ နိုင်ငံတို့က ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သွေးစည်းညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်ရေး၊ နိုင်ငံတကာ စီးပွားရေးပုံစံသစ်တစ်ရပ် ထူထောင်ရေး ရည်မှန်းချက်တို့ဖြင့် ၁၉၆၄ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။ ယခုအခါတွင် ဖွံ့ဖြိုးဆဲ ဂျီ–၇၇ အဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၃၁ နိုင်ငံအထိ တိုးလာပြီး ယခုနှစ်သည် ဂျီ–၇၇ အဖွဲ့ကြီး ဖွဲ့စည်းသည့် အကြိမ် (၄၀)မြောက် နှစ်ပတ်လည်အချိန် ဖြစ်သည်။

သက်သေထူ

စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းက ဖွံ့ဖြိုးတိုးတက်မှု အန္တရာယ်နှင့် ဆုံးရှုံးမှုကို ချဲ့ထွင်ရှင်းပြနေကြောင်းကို တောင်နှင့်မြောက် စီးပွားရေးကွာဟချက် ပိုမိုကြီးမားလာခြင်းက သက်သေထူလျက်ရှိသည်။

ထို့ပြင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ယခုတိုင် ခြိမ်းခြောက်လျက်ရှိသော အင်အားနိုင်ငံရေး၊ အကြမ်းဖက်မှု၊ ရောဂါဘယ ထူပြောမှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှု လျော့ကျခြင်းစသော ပြဿနာများက သက်သေထူလျက် ရှိသည်ဟုလည်း တရုတ်လက်ထောက် ကုန်သွယ်ရေးဝန်ကြီး ယီက ထောက်ပြသည်။

ပေါ်ထွက်လာသော ယင်းကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းဆိုင်ရာ ပိုမိုပွင့်လင်းလက်တွေ့ကျသော သဘောထား ချမှတ်ရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်း သွေးစည်းညီညွတ်ရေးအတွက် ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ရန် တစ်ပြေးညီ ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး တောင်နှင့် မြောက် ဆွေးနွေးမှုများ ပိုမိုဆောင်ရွက်ရန်၊ ပူးပေါင်းကြိုးပမ်းကြရန် ဖွံ့ဖြိုးဆဲနိုင်ငံများအား ယီက တိုက်တွန်းလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇွန် ၁၃ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဘဂ္ဂဒက်တက္ကသိုလ် ပါမောက္ခတစ်ဦး ပစ်သတ်ခံရ

ဘဂ္ဂဒက် ဇွန် ၁၄

ဘဂ္ဂဒက်တက္ကသိုလ်ပါမောက္ခတစ်ဦးသည် ဇွန်၁၀ ရက်တွင် ကောလိပ်ကျောင်း အဆောက်အအုံမှ ထွက်ခွာလာစဉ် ပစ်သတ် ခံခဲ့ရကြောင်း ကာတာနိုင်ငံ အခြေစိုက် အယ်ဂျာဇီယာ ရုပ်/သံဌာနက ထုတ်လွှင့်သွားသည်။

ပါမောက္ခ ဆရီအယ်ဆာယာတီ အသတ်ခံရသော နေရာသည် ဘဂ္ဂဒက်မြို့လယ်ရှိ ဗမ်အယ်မွဒ်ဟမ်ဒေသတွင် ဖြစ်သည်။ ၎င်းသည် လျှပ်စစ်ကြေးနန်းဆက်သွယ်ရေး ပညာဌာန၏ ပါမောက္ခဖြစ်သည်။

အမေရိကန်တို့သည် ၂၀၀၃ ခုနှစ် ဧပြီလတွင် အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ယနေ့အချိန်တိုင်အောင် အီရတ်တွင်ရှိနေသော ပညာတတ်အများအပြားမှာ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်ဟုဆိုသည်။ အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲ စတင်သည့်အချိန်မှစ၍ ရေတွက်လျှင် ယနေ့အချိန်အထိ အီရတ်ပညာရှင်နှင့် ပါမောက္ခ ၁၀၀၀ ကျော် အီရတ်နိုင်ငံကို စွန့်ခွာခဲ့ကြကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်သို့ တပ်ဖွဲ့စေလွှတ်ခြင်းမပြုရေး ဆုံးဖြတ်ချက် ပြောင်းလဲခြင်းမရှိဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပြောကြား

နယူးဒေလီ ဇွန် ၁၄

အီရတ်နိုင်ငံသို့ တပ်ဖွဲ့များစေလွှတ်မည်မဟုတ်ဟူသော မိမိတို့နိုင်ငံ၏ ရပ်တည်ချက်သည် ပြောင်းလဲခြင်းမရှိကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး နက်ဝါဆင်းက နယူးဒေလီတွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အီရတ်နိုင်ငံသို့ တပ်ဖွဲ့များ စေလွှတ်ရေး အဆိုပြုချက် တစ်ရပ်ကိုလည်း အိန္ဒိယအစိုးရက စဉ်းစားသုံးသပ်နေခြင်းမရှိကြောင်း ကွန်ဂရက်ပါတီ ပြောရေးဆိုခွင့်ရှိသူ အန်နန်ရှားမားက သောကြာနေ့ နှောင်းပိုင်းတွင် နယူးဒေလီ၌ သတင်းထောက်များအား ပြောကြားသည်။

မေးမြန်း

အီရတ်နိုင်ငံသို့ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များ စေလွှတ်ခြင်း မပြုရန် ချမှတ်ထားသည့် အစိုးရ၏ မူဝါဒတွင် ပြောင်းလဲမှု ရှိ၊မရှိ သတင်းထောက်များက မေးမြန်းရာတွင် ပြောရေးဆိုခွင့်ရှိသူက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

အီရတ်နိုင်ငံအား အမေရိကန်က ကျူးကျော်သိမ်းပိုက်ထားမှုကို အားပေးထောက်ခံသည့်အနေဖြင့် ယင်းနိုင်ငံသို့ တပ်ဖွဲ့များ စေလွှတ်ခြင်းမပြုပါဟူသော သဘောထားရပ်တည်ချက်ကို အစိုးရက ရှင်းလင်းစွာဖော်ထုတ်သင့်သည်ဟု ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး၌ ထောက်ခံမှုပေးခဲ့သော ကွန်မြူနစ်များက ထုတ်ပြန်သည့် ကြေညာချက် တစ်ရပ်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆင်းသည် အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်၏ ဈာပနအခမ်းအနား တက်ရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသည်။ ၎င်းသည် အမေရိကန်တွင်ရှိနေစဉ် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နှင့် တွေ့ဆုံခဲ့သည်။ ဆင်းသည် လက်ဝဲယိမ်းအစိုးရအဖွဲ့ကို ဦးဆောင်သော ကွန်ဂရက်ပါတီမှ အထက်တန်းအဖွဲ့ဝင်တစ်ဦးဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂ၏ အစီအစဉ်အရ အီရတ်သို့တပ်ဖွဲ့များ စေလွှတ်ဖွယ် ရှိ၊ မရှိ သတင်းထောက်များက မေးမြန်းရာတွင် ဆင်းက ယခုအချိန်တွင် ယင်းမေးခွန်းကို ဖြေဆိုရန်အချိန်စောပါသေးသည်ဟု ဖော်ပြသည်။

မိမိတို့၏ အစိုးရအဖွဲ့သည် ညွှန့်ပေါင်း အစိုးရအဖွဲ့ဖြစ်ကြောင်း၊ ယင်းကဲ့သို့သော ကိစ္စရပ်များကို ဝန်ကြီးအဖွဲ့ရှိ လုံခြုံရေးကော်မတီနှင့် အစိုးရအဖွဲ့တို့က ဆွေးနွေးပြီးမှသာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ဆင်းကပြောကြားသည်။ ***အင်တာနက်။***

ခစ်ဆေး

ဇွန် ၁၄ ရက်က ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲရာတွင် ပျက်စီးသွားသည့် ကားတစ်စီးအား စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဝိုင်းအုံကြည့်ရှု

ဇွန် ၁၃ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသည့် ကားများအား ဝိုင်းအုံကြည့်ရှုနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်ရှိ ကန်အခြေစိုက်စခန်းအနီး အသေခံကားဗုံးခွဲ၍ အီရတ် ၁၂ဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၁၄

ရဲတပ်ဖွဲ့ဝင်များက အသေခံဗုံးဖောက်ခွဲမည့်သူတစ်ဦးအား အစောင့်အရှောက် ထူထပ်စွာချထားသည့် ဘဂ္ဂဒက်ရှိ အမေရိကန် အခြေစိုက်စခန်းအနီးတွင် ရပ်တန့်ရန် ဟန့်တားရာမှ အဆိုပါ အသေခံဗုံးဖောက်ခွဲသူက ကားဗုံးဖောက်ခွဲသဖြင့် အီရတ် ၁၂ဦး သေဆုံးခဲ့ကြသည်။

တနင်္ဂနွေနေ့က ဖြစ်ပွားသော ယင်းကားဗုံးပေါက်ကွဲမှုကြောင့် အီရတ် ၁၂ဦးသေဆုံးကြပြီး ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ယင်းပေါက်ကွဲမှုကြောင့် အပျက်အစီး အပိုင်းအစများသည် အမေရိကန်တပ်ဖွဲ့များ ယခုအခါ သိမ်းပိုက်ထားသည့် အီရတ်စစ်ဘက်ဆိုင်ရာ ကောလိပ်ဟောင်းမှ မီတာများစွာ ပျံ့နှံ့သွားခဲ့သည်။

ပေါက်ကွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားနှစ်ဦးတို့ သေဆုံးသွားကြောင်း ရဲဌာနမှ ရဲမှူးကြီး အဗ္ဗဒူကာဒမ်က ပြောကြားသည်။

ဘဂ္ဂဒက်အရှေ့တောင်ပိုင်းရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းသို့သွားရာ မော်တော်ကားလမ်းအနီးသို့ ရုတ်တရက် ဦးတည်သွားနေသည့် သင်္ကာမကင်းဖွယ်ရာ မော်တော်ကားတစ်စီးကို ရဲတပ်ဖွဲ့လှည့်ကင်းကားများက ကြားဖြတ်ဟန့်တားရန်ကြိုးပမ်းရာ ကားဗုံးပေါက်ကွဲခြင်းဖြစ်ပြီး ရဲကားတစ်စီး ပျက်စီးသွားကာ အခြားတစ်စီး ဆိုးဆိုးရွားရွား ပျက်စီးသွားသည်ဟု ဗိုလ်ကြီးကာဒမ်က ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိပြီး အမေရိကန်တပ်ဖွဲ့ဝင်များက ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

ဖောက်ခွဲရေး သမားများသည် ရဲတပ်ဖွဲ့နှင့် အမေရိကန်တို့ကို ပစ်မှတ်ထား တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ ဖောက်ခွဲရေးသမားသည် အခြေစိုက်စခန်းသို့ ဦးတည်မောင်းနှင်လာကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက ၎င်းအား ကြားဖြတ်ဟန့်တားရာ အသေခံကားဗုံး ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ကာဒမ်က ပြောကြားသည်။

ဘဂ္ဂဒက်ရှိ အထူးတပ်ဖွဲ့ အရာရှိဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ဂျိမ်းစ်ဟတ်တန်က ယင်းတိုက်ခိုက်မှုကို ရှုတ်ချ ပြောကြားသည်။ ***အင်တာနက်။***

ဇွန် ၁၄ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲရာနေရာ မြင်ကွင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကာ့ဒ်လူမျိုးစုဝင် ခေါင်းဆောင်တစ်ဦး ပစ်သတ်ခံရပြန်

ကယ်ကွတ်(အီရတ်) ဇွန် ၁၄

အီရတ်နိုင်ငံမြောက်ပိုင်း ရေနံအဓိကထွက်ရှိရာ ကယ်ကွတ်မြို့တွင် ကာ့ဒ် လူမျိုးစုဝင်ခေါင်းဆောင် တစ်ဦးသည် အိမ်နီးနားချင်းများထံ အလည်အပတ်သွားရောက်စဉ်သေနတ်သမားများ၏ ပစ်သတ်ခြင်းကို ခံခဲ့ရကြောင်း အီရတ်ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဆွန်နီတစ်ဦးဖြစ်သူ အီယက်ခေါ်ရှစ်သည် စနေနေ့က တိုက်ခိုက်မှုတွင် ပွဲချင်းပြီးသေဆုံးသွားကြောင်း ရဲမှူးကြီး ဆာဟက်ကာဒီယာက ပြောကြားသည်။

အခြားတိုက်ခိုက်မှုတစ်ရပ်တွင် တိုက်ခိုက်ရေးသမားနှစ်ဦးက ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ နေအိမ်အတွင်း ဝင်ရောက်လာပြီး မိသားစုဝင်များ၏ ရှေ့မှောက်တွင်ပင် အဆိုပါ ရဲတပ်ဖွဲ့ဝင်ကို ပစ်သတ်ခဲ့ကြောင်း ကာဒီယာက ပြောကြားသည်။ ပစ်သတ်ခံရသူမှာ ဆက်ဒမ်ဟူစိန်လက်ထက်က မြို့တော် ကောင်စီဝင်တစ်ဦးဖြစ်ခဲ့သည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်ရှိ အစိမ်းရောင်နယ်မြေ ဒုံးကျည်ဖြင့်ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဇွန် ၁၄

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့ဌာနချုပ်တွင် တနင်္ဂနွေနေ့က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်မည်ဟု ယူဆရကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ ၃၅ မိနစ်၌ အစိမ်းရောင်နယ်မြေဟုလူသိများသည့် လုံခြုံရေးအစောင့်အကြပ် ထူထပ်စွာချထားသော အမေရိကန်တို့၏ ခြံဝင်း ကျယ်တွင် ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုမရှိကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

တိုက်ဂရစ်မြစ် အနောက်ဘက်ကမ်းနံဘေးရှိ အဆိုပါ ခြံဝင်းကျယ်ကြီးမှ မီးခိုးလိပ်များတက်လာစဉ် အကာအကွယ်ယူရန်အတွက် သတိပေးဥသြဆွဲသံများ ထွက်ပေါ်လာသည်။

အစိမ်းရောင်နယ်မြေသည် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား သိမ်းပိုက်ထားသည့် အပေါင်းပါတပ်ဖွဲ့ကို ဆန့်ကျင်သည့် အီရတ်တိုက်ခိုက်ရေးသမားများက စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် မကြာခဏ တိုက်ခိုက်ခံရသည့် နယ်မြေဖြစ်သည်။ ***အင်တာနက်။***

ဇွန် ၁၃ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦး ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇွန် ၁၃ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော ထရပ်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇွန် ၁၃ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုကြောင့် မော်တော်ကားတစ်စီး မီးလောင်ပျက်စီးသွားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇွန် ၁၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြို့လယ်တွင် ကန်ထရိုက်တာများ လိုက်ပါလာသော မော်တော်ယာဉ်တန်းအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက်အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)





ဇွန် ၁၃ ရက်က မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဇွန် ၁၄ရက်က ဘဂ္ဂဒက်ရှိ လူစည်ကားရာ လမ်းတစ်လမ်းပေါ်တွင် အင်အားပြင်းထန်သော ကားဗုံးပေါက်ကွဲပြီးနောက် လမ်းနှင့် အဆောက်အအုံများ ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုးတက်သစ်လွင်မြန်ပြည်တစ်ခွင်

ကျေးလက်တံတားတည်ဆောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝမ်ကန်ကျေးလက်လမ်းပေါ်ရှိ ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်တံတားတည်ဆောက်မှုလုပ်ငန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် မကွေးတိုင်း၊ မင်းလှမြို့နယ် လက်ပံတံခါးကျေးရွာတွင် ကျေးလက်ကျောက်ချောလမ်းခင်းခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ယူမာကျေးရွာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်လမ်းကောင်းမွန်ရေးနှင့် လမ်းဘေး ရေစီးရေလာ ကောင်းမွန်ရေး လုပ်ငန်းများကို ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

တိုင်းရင်းသား ပြည်သူများ ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့စေရန် နိုင်ငံတော်က အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချို-မိုင်းညှင်းလမ်းကို ဤသို့ စက်ယန္တရားကြီးများ အသုံးပြုကာ ဖောက်လုပ်ပေးခဲ့သည်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)



စစ်ကိုင်းတိုင်း သဖန်းဆိပ် ရေလှောင်တမံကြီးကြောင့် သီးထပ်စိုက်နိုင်အား ပိုမိုအားကောင်းလာ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ပိုလျှံလာပြီး အထက်မြန်မာပြည်၏ စပါးကျီအဖြစ် တက်လှမ်းလာပြီဖြစ်

ကောင်စီဝင် ဒုတိယဗိုလ်ချ
ရဲမြင့်က လက်ခံသည်။
ဆက်လက်၍ မန္တလေးမြို့မှ
လုပ်ငန်းပိုင်ရှင် ဦးသိန်းထိုက်–
ကြည်တို့က အလှူငွေကျပ်ငါး
ပေးအပ်လှူဒါန်းရာ စစ်ကိုင်
အေးချမ်းသာယာရေးနှင့် ဖွံ့
ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗို
သာအေးက လက်ခံသည်။
ထို့နောက် မန္တလေးမြို့မှ ဒေ
က အလှူငွေကျပ်ငါးသိန်းကို
လှူဒါန်းရာ ဒုတိယ တရားသူ
ဦးခင်မောင်လတ်က လက်ခံ
ယင်းနောက် မုံရွာမြို့မှ ဒေါ
အောင်ကျော်မြင့် – ဒေါ်ဝို
ငွေကျပ်တစ်သိန်း၊ မုံရွာမြို့မှ
မြင့်သိန်း–ဒေါ်အေးစန္ဒာဝင်း
ငွေကျပ်တစ်သိန်း၊ ပခုက္ကူမြို့မှ
လွင်က ငွေကျပ် ၅

မြန်မာနိုင်ငံ ပညာရေးကော
ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီ
ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁
က မကျီးစောက်ကျေးရွာ အ
ပညာအထက်တန်း ကျော
အတွက် ရုပ်မြင်သံကြား
ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ
တို့ကို ကျောင်းအုပ် ဆရ
ဦးညွန့်ဝေအား ပေးအပ်စဉ်
(သတင်

❐ **ရှေ့ဖုံးမှ**

ကျောင်းငွေပဒေသာပင်အလှူရှင်များ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆောင်သစ် အလှူရှင် ဦးရှမ်းတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကြီးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ကျောင်းဆောင်သစ် အလှူရှင် ဦးရှမ်းက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင် ဦးရှမ်းက ငွေကျပ်သိန်း ၈၀၀ အကုန်အကျခံ တည်ဆောက်

ပဒေသာပင်စိုက်ထူရန် ငွေကျပ်သိန်း ၃၀ နှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ၁၀၀၀ နှင့် ခဲတံ ၉၀၀တို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်သည်။

ပညာရေးငွေပဒေသာပင်

ဆက်လက်၍ကျောင်း၏ ပညာရေးငွေပဒေသာပင်အတွက် ရန်ကုန်မြို့မှ အလှူရှင်များ ဖြစ်ကြသော ဦးမောင်ကွန်း–ဒေါ်မိမိ မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးအောင်စိုး–ဒေါ်လှလှဝင်း မိသားစုက ငွေကျပ်၃၂၀၀၀၀၊ဦးကျော်ခင် – ဒေါ်ရှုဝါ မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးကောက် – ဒေါ်ရင်ရွှေ မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးကျုံကင်–ဒေါ်အောင်မိုးလျှံ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးထွန်းဝေ ကိုစိုးပိုင်တို့က ငွေကျပ်တစ်သိန်း၊ ဦးကောက်–ဒေါ်စောခင် မိသားစုက ငွေကျပ်သုံးသိန်း၊ ကိုခင်မောင်မြင့်–

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ရက်က စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မတင်တင်ရှ မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးထွန်းအောင်–ဒေါ်မြမြ မိသားစုက ငွေကျပ် ၅၀၀၀၀နှင့် ဒေါ်မေကြူနှင့် ဦးဝင်းရွှေ–ဒေါ်မိုးကြူ မိသားစုတို့က ငွေကျပ် ၃၀၀၀၀ စုစုပေါင်းအလှူငွေကျပ်၁၈၅၀၀၀၀ကို အလှူရှင်များကိုယ်စား ယင်းမာဖိနပ်ဆိုင် ပိုင်ရှင် ဦးအောင်စိုး–ဒေါ်လှလှဝင်းတို့က ပေးအပ်လှူဒါန်းရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လက်ခံသည်။

ထို့နောက် မန္တလေးမြို့မှ အလှူရှင်များ ဖြစ်ကြသော ဦးစိန်ဝင်း–ဒေါ်ဝင်းဝင်းမိသားစုက ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ ဦးမောင်ကြီး၊ ဦးခင်မောင် ဒေါ်စိန်ညွန့် မိသားစု၊ ဦးသန်းထွန်း–ဒေါ်ခင်တင့် မိသားစု၊ ဦးဝင်းမောင် – ဒေါ်အုံးကြည် မိသားစု၊ ဦးစံလင်း–ဒေါ်မေမိသားစု၊ ဦးကျော်ညွန့်– ဒေါ်စမ်း မိသားစု၊ ဦးသောင်း

စိန် – ဒေါ်ကြည်အေး မိသားစု၊ ဦးတင်ချို– ဒေါ်စုမိသားစု၊ ဦးညွန့်ဝေ – ဒေါ်ပြုံးမိသားစု၊ ဦးကျော်မြင့်– ဒေါ်ဝင်းနု မိသားစုနှင့် ဦးအောင်ဖြိုး– ဒေါ်ညွန့်တင် မိသားစုတို့က ငွေကျပ် တစ်သိန်းစီကိုလည်းကောင်းစုစုပေါင်း အလှူငွေကျပ် ၁၃ သိန်းကို အလှူရှင်များကိုယ်စား ရွှေရည်ဖိနပ်လုပ်ငန်း ပိုင်ရှင် ဦးစိန်ဝင်း–ဒေါ်ဝင်းဝင်းတို့က ပေးအပ်လှူဒါန်းရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ဦးတင်ငွေကငွေကျပ်၂၀၀၀၀၊မ
မြို့မှ ဦးမြသန်း–ဒေါ်ပိုတို့က
၃၀၀၀၀စုစုပေါင်းအလှူငွေကျပ်
ကို အလှူရှင်များ ကိုယ်စား ဦးမြ
ဒေါ်ပိုတို့က ပေးအပ်လှူဒါန်
ပညာရေးဝန်ကြီးဌာန ဒုတိယ
ဦးမျိုးညွန့်က လက်ခံသည်။
ဆက်လက်၍ ဒေသခံပြည်
ကိုယ်စား ကျောင်းအကျိုးတော်
အဖွဲ့ဝင် ဦးဥာဏ်ကြွယ်က
တင်စကားပြောကြားသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်းဆောင်သစ် အလှူရှင် ဦးရှမ်းတို့ ဇွန် ၁၃ ရက်က မကျီးစောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မကျီးစောက် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းပညာရေး ငွေပဒေသာပင် အတွက် အလှူရှင်များ လှူဒါန်းငွေများကို လက်ခံစဉ်။(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အရာတော်မြို့နယ် မကျီးစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲ အစီအစဉ်ကို ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်း

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Skills Room၊ Audio Lab၊ Language Lab၊ Computer Aided Instruction Room နှင့် အိမ်တွင်းမှု၊ စက်မှုလက်မှုခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဂီတအနုပညာ ရသခန်း၌ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မကျီးစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ လွှဲပြောင်းပေးအပ်ပွဲ အစီအစဉ်ကို ကျောင်းဆောင်သစ်ကြီး၏ ခန်းမ၌ ဆက်လက်ကျင်းပသည်။

ထားသော စာသင်ခန်း ရှစ်ခန်းပါ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၂) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်အား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မကျီးစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီး ဦးညွန့်ဝေအား ပေးအပ်သည်။

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင် ဦးရှမ်းက မကျီးစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ပညာရေးငွေ



ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လက်ခံသည်။

ဆက်လက်၍ မန္တလေးမြို့မှ ဖိနပ်လုပ်ငန်းပိုင်ရှင် ဦးသိန်းထိုက်–ဒေါ်ပေါ ကြည်တို့က အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လက်ခံသည်။

ထို့နောက် မန္တလေးမြို့မှ ဒေါ်တော်က အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်က လက်ခံသည်။

ယင်းနောက် မုံရွာမြို့မှ ဒေါက်တာအောင်ကျော်မြင့် – ဒေါ်ဝိုင်းတို့က ငွေကျပ်တစ်သိန်း၊ မုံရွာမြို့မှ ဦးဝင်းမြင့်သိန်း–ဒေါ်အေးစန္ဒာဝင်း တို့က ငွေကျပ်တစ်သိန်း၊ ပခုက္ကူမြို့မှ ဦးတင့်လွင်က ငွေကျပ် ၅၀၀၀၀၊ ဦးတင်ငွေကငွေကျပ်၂၀၀၀၀၊မန္တလေးမြို့မှ ဦးမြသန်း–ဒေါ်ပိုတို့က ငွေကျပ် ၃၀၀၀၀စုစုပေါင်းအလှူငွေကျပ်သုံးသိန်းကို အလှူရှင်များ ကိုယ်စား ဦးမြသန်း–ဒေါ်ပိုတို့က ပေးအပ်လှူဒါန်းကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က လက်ခံသည်။

ဆက်လက်၍ ဒေသခံပြည်သူများ ကိုယ်စား ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် ဦးဉာဏ်ကြွယ်က ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ရက်က မကျီးစောက်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံ တို့ကို ကျောင်းအုပ် ဆရာကြီး ဦးညွန့်ဝေအား ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ရက်က စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်၏ စာသင်ခန်းများတွင် လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သန့်စင်မှန်မြတ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မိမိဇာတိ၊ မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာနေ ကလေးသူငယ်များ၏ ပညာရည် ဖွံ့ဖြိုးရေးအတွက် ယခုကဲ့သို့ လှူဒါန်းခြင်းမျိုးသည် သန့်စင်မှန်မြတ်ပြီး အကျိုးရှိသည့် ပညာဒါန ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အနေဖြင့်လည်း ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လျှပ်စစ်မြစ်ရေတင်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် အရာတော်(၂) မကျီးစောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က စစ်ကိုင်းတိုင်း၌ သဖန်းဆိပ် ရေလှောင်တမံ တည်ဆောက်ပြီးနောက် တမံ၏ အောက်ဘက်ပိုင်းရှိ မူးမြစ်၏ ရေစီးရေလာ အခြေအနေ၊ မူးမြစ်ရေ၏ ပမာဏ ပေါ်မူတည်၍ အရာတော်ဒေသ၌ ဧက ၇၀၀၀၀ ခန့် အကျိုးပြုမည့် အရာတော်(၁)၊ အရာတော်(၂)နှင့် အရာတော်(၃)မြစ်ရေတင် စီမံကိန်းများ လုပ်ကိုင်နေမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက အရာတော် (၂) မကျီးစောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပင်မမြောင်း၊ လက်တံမြောင်းများ တည်ဆောက်ပြီးစီးမှု၊ အရာတော်(၂) မြစ်ရေတင်လုပ်ငန်း စမ်းသပ်လည်ပတ်၍ နွေစပါး ဧက ၂၀၀ စမ်းသပ်စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါးဧက ၁၀၀၀ စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ အရာတော်(၃) မြစ်ရေတင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေ၊ အရာတော်(၁)၊ အရာတော်(၂)နှင့် အရာတော်(၃) လျှပ်စစ်မြစ်ရေတင် စီမံကိန်းများပြီးစီးပါက အရာတော်ဒေသအတွက် အကျိုးပြုမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အရာတော်မြို့နယ်အတွင်း စိုက်ပျိုးရေးပိုမိုရရှိရေးအတွက် စုစည်းရရှိနိုင်မည့် ရေအရင်းအမြစ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များဆွေးနွေးမှာကြားပြီး ရှုရပ်မှ မူးမြစ်၏ ရေစီးရေလာ အခြေအနေနှင့် ရေတင်စက်ရုံ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

အရာတော်မြို့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီခွဲတွင် အရာတော်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အရာတော်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာသောင်းအေးနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာခန်းများ၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အရာတော်မြို့ သီရိရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်က အရာတော်မြို့နယ်၌မိုးသီးနှံများဖြစ်သည့် မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံ၊ ကြံနှင့်ဝါများ၊ ဆောင်းသီးနှံများဖြစ်သည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ နွေသီးနှံဖြစ်သည့် နွေစပါးများ စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေကိုလည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၀၂ခုနှစ် စက်တင်ဘာ ၁၀ရက်က နိုင်ငံတော်ဝန်ကြီးချုပ် အရာတော်မြို့နယ် မကျီးစောက် ကျေးရွာ မြစ်ရေတင်စီမံကိန်းကို လာရောက်စစ်ဆေးစဉ် အရာတော်မြို့နယ်နှင့် ပတ်သက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လမ်းညွှန် မှာကြားချက်များ လိုက်နာဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြသည်။

ထိန်းသိမ်းမြှင့်တင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေးကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် အရာတော် မြို့နယ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချီးမြှင့်သည့် ကျန်းမာရေး ဆုတံဆိပ်ရရှိခဲ့ဖူးသော မြို့နယ်ဖြစ်၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားရန် အရေးကြီးကြောင်း၊ ပြည်သူတို့အပေါ် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ထိန်းသိမ်းမှုသည် အမြဲဆောင်ရွက် နေရမည့် လုပ်ငန်းဖြစ်သည်ဟု ခံယူလုပ်ဆောင်ရန် လိုအပ်ကြောင်း။

မြို့နယ်၏ စီးပွားရေးလုပ်ငန်းများကို ခြုံကြည့်ပါက အဓိကအားဖြင့် စိုက်ပျိုးရေးကိုအားပြုထားသော်လည်း ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုသာ များများစားစား ထုတ်လုပ်နိုင်ကြသည်ကိုတွေ့ရှိရကြောင်း၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုမှာ မြို့နယ်အတွင်း ဖူလုံမှုမရှိသေးဘဲ အားနည်းနေဆဲ ဖြစ်ကြောင်း၊ မိမိမြို့နယ်၊ မိမိဒေသ ဆန်ဖူလုံရေးကို မဖြစ်မနေဝိုင်းဝန်း အကောင်အထည်ဖော်ရမှာဖြစ်သကဲ့သို့ တစ်ဖက်မှလည်း စားသုံးဆီ ပိုလျှံနေမှုကို လျော့ကျမသွားရအောင် ဆီထွက်သီးနှံများကိုလည်း အလေးထား ဆက်လက် စိုက်ပျိုးသွားရန် လိုအပ်ကြောင်း။

မြစ်ရေတင်စီမံကိန်းသုံးခု

နိုင်ငံတော်အပိုင်းက မူးမြစ်ရေကိုစိုက်ပျိုးရေးလုပ်ငန်း၌ အသုံးပြုနိုင်ရန် အရာတော် အမှတ်(၁)၊ အမှတ်(၂) နှင့်အမှတ်(၃)ဟူ၍ မြစ်ရေတင်စီမံကိန်းသုံးခုကို အကောင်အထည်ဖော်ပေးပြီး အရာတော်မြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးအောင် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းမြစ်ရေတင်စီမံကိန်းသုံးခုစလုံး ပြီးစီးပါက လယ်ဧက ၇၀၀၀၀ ကျော်ကို ရေပေးဝေပြီး အကျိုးပြုနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် မြို့နယ်အုပ်ချုပ်ရေးတာဝန်ခံများ၊ စိုက်ပျိုးရေးကဏ္ဍမှ ဝန်ထမ်းများ၊ စိုက်ပျိုးသူ တောင်သူ လယ်သမားများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကိုအလေးထားအကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း၊ မြို့နယ်တစ်ခု ဖွံ့ဖြိုးရန်မှာ ယင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအကျဆုံးပင် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က အလေးထားချမှတ်ပေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ဖိဖိစီးစီး အကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း၊ မြို့နယ်များ၌ ဖွဲ့စည်းတာဝန်ပေးထားသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင် သာယာရေးကိုသာ တာဝန်ခံရန်မဟုတ်ဘဲ ကျေးလက် ဒေသ သောက်သုံးရေ ရရှိရေး၊ ကျေးလက်လမ်းများတိုးတက်ကောင်းမွန်ရေးကိုပါ တာဝန်ယူဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိမြို့နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်နေအောင် မြို့နယ်အုပ်ချုပ်ရေးတာဝန်ခံများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အရာတော်မြို့ အခြေခံပညာအထက်ကျောင်းအတွက် ရုပ်မြင်သံကြား ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တို့ကို ကျောင်းအုပ်ကြီးအား ပြီး အခမ်းအနားကို ရုပ်သိမ်း သည်။

မြန်မာနိုင်ငံ ပညာရေးကော် ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီး ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ က အရာတော်မြို့နယ် အ ပညာ အထက်တန်းကျေ အတွက် ရုပ်မြင်သံကြား ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တို့ကို ကျောင်းအုပ်ဆရာမကြီး ပေးအပ်စဉ်။ (သတင်း

ရွှေဘိုမြို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝ ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အ ရေးမှူး(၁) ဒုတိယဗိုလ်ချု စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရွှေ သို့ရောက်ရှိကြရာ အမှတ်(၃၃) တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှ တင်ထွန်းအောင်၊ ခရိုင်နှင့်မြ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြ ကောင်စီဝင်များ၊ ဌာနဆိ တာဝန်ရှိသူများ၊ လူမှုရေးအ အဖွဲ့များနှင့် ဒေသခံပြည်သူမ ကြိုဆိုကြသည်။

ရွှေဘုံရတနာနန်းတော်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝ သည် ရွှေဘိုမြို့ရှိ ရတနာသိင်္ဃမြို့ အလောင်းမင်းတရားကြီး၏ ရတနာမင်္ဂလာနန်းတော် ပြန် တည်ဆောက်ရေးစီမံကိန်း လု ခွင်သို့ ရောက်ရှိကြသည်။

အစီအစဉ်အရ ရှေးဟောင်း သနဦးစီးဌာန ဒုတိယညွှန် ရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် ပြ ဆောက်လုပ်ရေးလုပ်ငန်းမှ တာ အင်ဂျင်နီယာ ဦးဇော်ဝင်းတို့က ရတနာမင်္ဂလာနန်းတော်တည်ဆေ ရေးစီမံကိန်းအရ ဆောင်ရွက်နေ လုပ်ငန်းများအနက် နန်းမပြာ ဆောင်၊ မြေနန်းတော်ဆောင် တိုက်တော်နှင့် စာရင်းတိုက် တည်ဆောက်ပြီးစီးနေမှု၊ ဘ သနပလ္လင်တော်၊ သီဟာသန တော် ပြုလုပ်ခြင်း အပါ နန်းတော်တည်ဆောက်ရေးလု များ ဆောင်ရွက်နေမှု အခြေအ ရှင်းလင်းတင်ပြရာ နိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွ တည်ဆောက်ပြီး အဆောက်အအ သက်ဆိုင်ရာဝန်ကြီးဌာနက လ

စာမျက်နှာ ၁၀ ကော်လံ ၁ သ

✧ စာမျက်နှာ ၉ မှ

ဆက်လက်ထိန်းသိမ်း တာဝန်ယူ သွားရန်နှင့် ဆက်လက်တည်ဆောက် ရမည့် လုပ်ငန်းများကို သတ်မှတ်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယာယီစံကျောင်း၌ ကိန်းဝပ်စံပယ်တော်မူသည့်နန်းဦးအောင်မြေဆုတောင်းပြည့်ဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ရွှေဘုံ ရတနာမင်္ဂလာနန်းတော်မှ တည်ဆောက်ပြီးစီးနေသည့် နန်းမပြာသာဒ်ဆောင်၊ မြေနန်းတော်ဆောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများနှင့် ရွှေတိုက်၊ စာရင်းတိုက်၊ နန်းကြမ်းပြင်နှင့် ကျောင်းတော်ဦးဆောင် တည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

အစီအစဉ်အရ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်က ခရိုင်၏ တည်နေရာနှင့်အကျယ်အဝန်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများဖွဲ့စည်းထားမှု၊ အိမ်ထောင်စုနှင့် လူဦးရေ၊ ၂၀၀၃-၂၀၀၄ခုနှစ် နွေစပါးစိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ နွေစပါးရိတ်သိမ်းပြီးစီးမှုအခြေအနေ၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်ရန် ရည်မှန်းချက်နှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ဒေသဆီဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာပေါ်ထွက်လာသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ပိုလျှံလာကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏စပါးကျီအဖြစ်တက်လှမ်းလာနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ စသည့်အခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ ဆန်စပါးပိုလျှံသည်ထက် ပိုလျှံအောင် ထုတ်လုပ်ရေး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးတို့ကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ခံများ၊ စိုက်ပျိုးရေးတာဝန်ခံများနှင့် တောင်သူလယ်သမားများ၏ ပူးပေါင်းအားထုတ်မှု၊ ကြိုးပမ်းမှုတို့ဖြင့် အကောင်အထည် ဖော်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၁၃ရက်က ရွှေဘိုမြို့ရှိ ရတနာသိင်္ဃမြို့တည် အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာမင်္ဂလာနန်းတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိမ်းစိုဖြစ်ထွန်း

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်အကြား ရာသီဥတုကောင်းမွန်မှု၊ စိုက်ပျိုးရေ ကောင်းစွာရရှိမှုတို့ကြောင့် ဒေသတစ်ခွင်လုံး စိမ်းစိုအောင်မြင်ဖြစ်ထွန်းနေသော သီးနှံစိုက်ခင်းများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြသည်။ ထို့နောက် မွန်းလွဲ ၂နာရီ ၄၅ မိနစ်တွင် ဝက်လက်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ဝက်လက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ ရာသီဥတုအခြေအနေနှင့် မိုးရွာသွန်းမှု၊ ဆောင်ရွက်လျက်ရှိသော လမ်း၊တံတား လုပ်ငန်းများအခြေအနေ၊ ၂၀၀၃-၂၀၀၄ခုနှစ်မိုးစပါးစိုက်ပျိုးနိုင်မှု၊ အထွက်နှုန်းနှင့် အထွက်တင်းပေါင်း၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ အထွက်နှုန်းနှင့် အထွက်တင်းပေါင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးတိုးချဲ့စိုက်ပျိုးရန် စီမံထားမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဒေသဆီဖူလုံမှုအခြေအနေ၊ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှု၊ မြို့နယ်၏ပို့ဆောင်ရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝက်လက်မြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်သည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မိမိနှင့် အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရာ တိုးတက်ကြောင်းတို့အတွက် ဗဟိုအဆင့်က ဆောင်ရွက်ပေးသင့် ပေးထိုက်သည်များကို ကွင်းဆင်းကြည့်ရှုပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက စစ်ကိုင်းတိုင်းအတွင်း ဆောင်ရွက်ပေးဖွယ်ရာ ကိစ္စများကို ငွေကြေး မြောက်မြားစွာ ကုန်ကျခံရင်းနှီးမြှုပ်နှံ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ပညာတတ်လူငယ်များ တိုးပွားလာရေးအတွက်ကိုလည်း အခြေခံစာသင်ကျောင်း တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်း၊ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် ဆေးရုံနှင့် ဆေးခန်းများ အဆင့်မြှင့် တိုးချဲ့ခြင်းတို့ကို လိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နားလည်စာနာ

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးနှင့် စီးပွားရေးဖြစ်ထွန်းရေးအတွက် ထားရှိဆောင်ရွက်နေသော စေတနာနှင့် သဘောထားကို နားလည်သဘောပေါက်ခံယူပြီး မြို့နယ်အဆင့်ရှိ တာဝန်ခံဝန်ထမ်းများကလည်း ကျေးလက်ဒေသများဖွံ့ဖြိုးရေးကို စေတနာထား အလေးပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံပြီး ပြည်သူများ၏ ဘဝကို နားလည်စာနာတတ်ရမှာဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဇွန် ၁၃ရက်က ရွှေဘိုမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ရွှေဘိုဆေးရုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာမြသိန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်၊ အထွေထွေခွဲစိတ်ဆောင်၊ ခွဲစိတ်ခန်းမ၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံအဆောက်အအုံပြုပြင်မွမ်းမံရေးများကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ရေး လုပ်ငန်းဆောင်ရွက်ချက်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ မြို့နယ်အကွက်ချမြေပုံတွင် ကြည့်ရှုစစ်ဆေးပြီး အမှန်လိုအပ်မှုများကို ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ရွှေဘိုခရိုင်သို့ လှည့်လည်ကြည့်ရှုရာ၌ ယခုနှစ် မိုးဦးရာသီကောင်းသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေ အောင်မြင်နေသည်ကို မြင်တွေ့ရကြောင်း၊ နိုင်ငံတော်၌ အကြီးဆုံးသဖန်းဆိပ်ရေလှောင်တမံကြီးနှင့် ရေသောက်စနစ်ကို ကျယ်ပြန့်စွာ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် သီးထပ်စိုက်နိုင်အားမှာ ပိုမိုသိသာစွာ အားကောင်းလာကြောင်း၊ စပါးစိုက် လယ်မြေအသစ်များလည်း

တက်ညီလက်ညီ

သို့မှသာ ပြည်တွင်းစားသုံးရန်အပြင် သီးနှံပိုလျှံမှုများ ခိုင်ခိုင်မာမာရှိလာပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်နှင့် ဆက်စပ်လျက် မိမိတို့နိုင်ငံကို ခေတ်မီတိုးတက်သောစက်မှုနိုင်ငံအဖြစ် ထူထောင်သွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု တိုးတက်အောင်၊ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်အောင်၊ ဒေသအလိုက်စီးပွားရေးခိုင်မာတိုးတက်အောင် အားလုံး တက်ညီလက်ညီ ကြိုးစားကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကရွှေဘိုမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများ အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၁၃ရက်က အရာတော်မြို့နယ် ပြည်သူ့ဆေးရုံ အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ရက်က ရေဦးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

* စာမျက်နှာ ၁၀ မှ

ကျေးလက်များ ဖွံ့ဖြိုးမှသာ မြို့ပြများလည်း ဖွံ့ဖြိုးစည်ပင်ပြီး တစ်မြို့နယ်လုံး ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးဘဝတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အားထုတ်လုပ်ကိုင်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းတစ်လျှောက်၌ ဝက်လက်မြို့နယ်နှင့် ရေဦးမြို့နယ်ဒေသတွင်း ရာသီဥတုကောင်းမွန်မှု၊ စိုက်ပျိုးရေ ရရှိမှုများကြောင့် တခွင်တပြင် စိမ်းလန်းစိုပြည်နေသော မိုးစပါး အပါအဝင် စိုက်ခင်းများကို ကြည့်ရှုကြသည်။

ရေဦးမြို့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရေဦးမြို့သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက မြို့နယ်အတွင်း လယ်မြေများအနက် သဖန်းဆိပ် ရေလှောင်တမံမှ ရေများကို ကင်းတပ်ဆည်နှင့် ကာဘိုးဆည်တို့မှတစ်ဆင့် စိုက်ပျိုးရေအဖြစ် ဖြန့်ဖြူးပေးနိုင်ခြင်းကြောင့် ရေဦးမြို့နယ်၌ စပါးစိုက် ဧရိယာဧက ၁ ဒသမ ၅ သိန်းခန့်အထိ တိုးတက်လာမှုအခြေအနေ၊ ၂၀၀၃–၂၀၀၄ ခုနှစ် မိုးစပါး၊ နွေစပါး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး စိုက်ပျိုးထုတ်လုပ်ရန် လျာထားချက်၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသော ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေဦးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

စုပေါင်းအကောင်အထည်ဖော်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေဦးမြို့နယ်သည် သဖန်းဆိပ်ရေလှောင်တမံ၏ အကျိုးပြုမှုကြောင့် ယခင်ကနှင့် မတူဘဲ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း၊ အထက်မြန်မာပြည်အပိုင်းရှိ ဆန်လိုဒေသများကို ပံ့ပိုးအထောက်အကူပြုနိုင်ရေးအတွက် စစ်ကိုင်းတိုင်းသည် ဆန်စပါးကို ပိုမိုစိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ရာ ရေဦးမြို့နယ်ကလည်း မိမိ၏ရေခံမြေခံ အခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ ဆန်စပါးပိုမိုစိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်တော၊ သစ်ပင် ထိန်းသိမ်းစိုက်ပျိုးရေး၊ စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းများ ပီပြင်စွာ လုပ်ကိုင်ဆောင်ရွက်ရေး၊ လုပ်ငန်းတာဝန်များကို စုပေါင်းညှိနှိုင်း၍ စုပေါင်းတာဝန်ယူ၊စုပေါင်းအကောင်အထည်ဖော်ကြရန် မှာကြားကာ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်၊ဆောင်ရွက်ထိုက်သည်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၃ရက်က ရေဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၁၃ရက်က ရွှေဘိုမြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့နယ် ခတက္ကန် ကျေးရွာရှိ မဟာဗောဓိတစ်ထောင် ကျောင်းတိုက်သို့ သွားရောက်ကြပြီး မဟာဗောဓိတစ်ထောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား ပူဇော်ကန်တော့ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လှူဖွယ်ပစ္စည်းများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးအတွက် အလှူငွေများ လှူဒါန်းကြသည်။

နည်းပညာကောလိပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်(မုံရွာ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အစိုးရနည်းပညာ ကောလိပ်(မုံရွာ) ကျောင်းအုပ် ဒေါ်အေးနွဲ့စံနှင့် ဆရာ၊ ဆရာမများ၊အစိုးရကွန်ပျူတာကောလိပ်(မုံရွာ) ကျောင်းအုပ် ဒေါ်လှိုင်သီတာဦးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အစိုးရနည်းပညာကောလိပ်(မုံရွာ)နှင့် အစိုးရကွန်ပျူတာ ကောလိပ်(မုံရွာ)တို့၏ သင်ကြားစီမံ ကိစ္စရပ်များကို ပဏာမ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အစိုးရနည်းပညာကောလိပ်(မုံရွာ) ပင်မဆောင်အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဗိသုကာပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစိုးရနည်းပညာကောလိပ်(မုံရွာ) ကျောင်းအုပ်က ကောလိပ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များ၊ ဘွဲ့နှင့်ဒီပလိုမာများ အပ်နှင်းမှု၊ စက်မှုပညာရှင်များ မွေးထုတ်ပေးမှု၊ ဆရာ၊ ဆရာမဦးရေ၊ ကျောင်းသား၊ ကျောင်းသူအင်အား အခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ အစိုးရကွန်ပျူတာကောလိပ်(မုံရွာ) ကျောင်းအုပ်က ကောလိပ်၏ ရည်ရွယ်ချက်၊ သင်ကြားရေး၊ဆရာ၊ဆရာမဦးရေ၊ ကျောင်းသား၊ ကျောင်းသူအင်အား၊ အပ်နှင်းမည့်ဘွဲ့များ၊ အသုံးပြုနေသော သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး အစိုးရနည်းပညာကောလိပ်(မုံရွာ)၏ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

မိုးညှင်းသမ္ဗုဒ္ဓေစေတီ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် မုံရွာမြို့ မြဝတီရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



အစိုးရနည်းပညာကောလိပ်(မုံရွာ) ပင်မဆောင် တည်ဆောက်မည့် ပုံစံငယ်ကိုတွေ့ရစဉ်။ (သတင်းစဉ်)

ဇွန် ၁၅ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ SOJITZ Corporation မှ ဥက္ကဋ္ဌ Mr. Kazunori Teraoka နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ညှိနှိုင်းဆွေးနွေး

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များနှင့် အကြံပြုစာတမ်းပြုစုတင်ပြသည့် စာတမ်းပြုစုသူများ ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။

(သတင်းစဉ်)

❁ **အမျိုးသားညီလာခံမှ**

ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး၊လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှ၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း၊စာတမ်းပြုစုသော အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး အပေါ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ခြောက်ဦး စုပေါင်းတင်ပြသည့် အကြံပြုစာတမ်းနှင့်စပ်လျဉ်း၍သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုသူများ ညှိနှိုင်းဆွေးနွေးကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီ မိနစ်၄၀တွင် ရပ်နားလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ်မြန်မာနိုင်ငံနည်းပညာပညာရှင်အဖွဲ့ဥက္ကဋ္ဌဒေါက်တာ ဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၅၆ဦး ရှိသည့်အနက်၅၅ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၁ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက်သဘာပတိ မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရား

နှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များ

ဦးခင်ဇော်နှင့် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကုဆရာဝန်ကြီး ဒေါက်တာ သိန်းညွန့်(ညွန့်ဝေ–ကသာ) တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ

စီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့အမှုဆောင်အဖွဲ့ဝင် ဒေါ်ရီရီမြင့်၊ ရုပ်ရှင်ပညာရှင် ဦးညွန့်ဝင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာကိုလေး၊ပဲခူးတိုင်း တိုင်းတရားသူကြီး ဦးဝင်းတင်တို့က အကြံပြုစာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် အကြံပြုစာတမ်းများနှင့်စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော စာရေးဆရာနှင့် တရားရုံးချုပ်ရှေ့နေဦးမြတ်သူ(တက္ကသိုလ်–မြတ်သူ)၊ ဆေးသိပ္ပံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ဝင်းနှင့် ရန်ကုန် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်

အမှာစကား

အမျိုးသားညီလာခံ အစုအဖွဲ့များ၏ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပရာ သဘာပတိ ဒေါက်တာဦးသိန်းဦးဘိုးစော အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဒေါက်တာခင်ဇော်တို့က ဆွေးနွေးသွားသည်။

ယင်းနောက် သဘာပတိက အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အသိပညာရှင်အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က တင်သွင်းမည့် အကြံပြုစာတမ်းနှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူပြီး အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီးအစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား "သူ့ကျွန်မခံပြီ" ရုပ်ရှင်ဇာတ်ကားပြသ

ရန်ကုန် ဇွန် ၁၅

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှ စတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ ညပိုင်းတွင် ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်ကူးပြီး သရုပ်ဆောင် ညွန့်ဝင်း၊ ကျော်သူ၊ လွင်မိုး၊ ကျော်ရဲအောင်၊ အောင်ခိုင်၊ မေသန်းနုနှင့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားသည့် **"သူ့ကျွန်မခံပြီ"** ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

၁၃၆၆ ခုနှစ်၊ နယုန်လကွယ်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၅ ၇။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) (သင်္ချာ)
- ၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅း၄၀ ၈။ သီချင်းကြီးပဒေသာ
- ၅း၅၅ ၉။ ကရင်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
- ၆း၀၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၆း၁၀ ၁၁။ Discovery
- ၆း၂၀ ၁၂။ တေးဂီတအစီအစဉ်
- ၆း၃၀ ၁၃။ ညနေခင်းသတင်း
- ၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇း၁၅ ၁၆။ တေးဂီတအစီအစဉ်
- ၇း၃၀ ၁၇။ သစ်သီးဝလံ ပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ
- ၇း၄၀ ၁၈။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆိုသည်မှာ (အပိုင်း–၄၉)**
- ၂၃။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
- ၂၄။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဂရိ နှင့် စပိန်)**
- ၀၁း၁၅ ၂၅။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရုရှား နှင့် ပေါ်တူဂီ)**
- ၂၆။ နောက်တစ်နေ့အစီအစဉ်
- ၂၇။ အစီအစဉ်ပြီး၏။

ချက်က လတ်ဗီးယားကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်နိုင်

ရန်ကုန် ဇွန် ၁၅

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (ယူရို-၂၀၀၄) အုပ်စု(ဃ) ပထမပွဲစဉ်အဖြစ် ချက်နှင့် လတ်ဗီးယားအသင်းတို့ ယနေ့ည ၁၀နာရီခွဲက ပေါ်တူဂီနိုင်ငံတွင်ယှဉ်ပြိုင်ကစားခဲ့ကြရာ ချက်အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမပိုင်းတွင် လတ်ဗီးယားအသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်နေပြီး ဒုတိယပိုင်းတွင် ချက်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးကို သွင်းယူသွားခြင်းဖြစ်သည်။ (ကြေးမုံ)

❒ **အိမ်ရှင်မှ**

ပေါ်တူဂီနှင့်ပွဲတွင် ဂရိသည် ပြိုင်ဘက်၏ဘောလုံးပေးရာလမ်းကြောင်းများကို ဖြတ်တောက်ဖျက်ထုတ်ပြီး တန်ပြန်တိုက်စစ်ဆင် ကစားသွားသည်။ ခံစစ်ကို အထူးလုံခြုံအောင် ကစားသကဲ့သို့ တိုက်စစ်ကိုလည်း သတ္တိရှိရှိဖြင့် ဖွင့်ကစားခဲ့သည်။

အကြိမ်ကြိမ်တွေ့

သို့ဖြစ်၍ စပိန်နှင့် ကစားရမည့်ပွဲသည် ဂရိအဖို့ ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်သည်။ ဂရိနှင့်စပိန်တို့သည် ကမ္ဘာ့ခြေစစ်ပွဲများတွင်လည်းကောင်း၊ အခြားခြေစမ်းပွဲများတွင်လည်းကောင်း အကြိမ်ကြိမ်တွေ့ခဲ့ဖူးကြသည်။ များသောအားဖြင့် ဂရိ ရှုံးပွဲများခဲ့သည်။ ၂၀၀၄ ယူရိုခြေစစ်ပွဲတွင်လည်း ဂရိသည် ပထမအကျော့၌ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ပြီး ဒုတိယပွဲမှ တစ်ဂိုး-ဂိုးမရှိဖြင့် ပြန်၍နိုင်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း၃၀ကျော်လောက်က ကစားသည့် ချစ်ကြည်ရေး ခြေစမ်းပွဲတွင် ဂိုးမရှိသရေကျဖူးသည်။ သမိုင်းနှင့်ချိန်၍ပြောရလျှင် ဂရိသည် အောက်အသင်းဟု ဆိုနိုင်သည်။ စပိန်က အပေါ်အသင်းဖြစ်ခဲ့သည်။

လှည့်ပတ်ထိုးဖောက်

မည်သို့ပင်ဖြစ်စေ ပေါ်တူဂီအသင်းနှင့်ကစားခဲ့သော ခြေစွမ်းရည်အရဆိုလျှင် စပိန်ကို ကောင်းကောင်းယှဉ်ကစားနိုင်သည်။ ဂရိနောက်တန်း အစွန်လူများဖြစ်သော ဆီတာရီဒစ်နှင့် ဒဲလက်စ်တို့သည် မာသည်။ သူ့အပိုင်းကို သူနိုင်အောင် ထိန်းနိုင်သည်။ အတွင်းလူများဖြစ်သော ဖက်ဆက်စ်နှင့် ကပ်စ်ဆစ်တို့လည်း ပေါ်တူဂီတိုက်စစ်မှူး ပေါ်လေတာကို မလှုပ်နိုင်အောင်ကပ်ထားနိုင်သည်။ ကမ္ဘာ့အလယ်တန်း အကောင်းဆုံးသမားတစ်ယောက်ဖြစ်သော ဖီဂိုသည် နေရာစုံထောင့်စုံမှ လှည့်ပတ်ထိုးဖောက်သော်လည်း ဂရိနောက်တန်းသည် ပြိုဆင်းမသွားဘဲရှိခဲ့သည်။

ပြောင်းလဲကစားတတ်

ဂရိ၏ကွင်းလယ်ကစားသမားများသည် ပြိုင်ဘက်ကစားကွက်ကို ဖျက်ထုတ်ရာတွင်လည်းကောင်းသည်။ များသောအားဖြင့် ဂရိဘောလုံးရသည်နှင့် တစ်ပြိုင်တည်း တောင်ပံများသို့ ဖြန့်ဝေထိုးဖောက်ကစားသည်။ နောက်တည့်တည့်မှသော်လည်းကောင်း၊ ထောင့်ဖြတ်၍သော်လည်းကောင်း ရှေ့သို့တင်ကစားသည်။ တစ်ခါတစ်ရံ အူကြောင်းမှနေပြီး အသင်းခေါင်းဆောင် ဇာဂိုရာကစ်က ဖန်တီးပေးတတ်သည်။ ကာရာဂူးနစ်မှာလည်း တစ်ကွင်းလုံးကို မွှေနှောက်ကစားနိုင်သူဖြစ်သည်။ ရှေ့တန်းမှ ဘာရိုင်ဇက်သည် ပြိုင်ဘက်နောက်တန်းများ ထိန်းရခက်သော တိုက်စစ်မှူးဖြစ်သည်။ ပြိုင်ဘက်အသင်း၏ အနေအထားကိုကြည့်ပြီး ဂရိသည် ကစားကွက်ကို ပြောင်းလဲကစားတတ်သည်။

ရုရှားနှင့် ကစားခဲ့သောခြေအရ စပိန်သည် အဝေးပေးစနစ်များပေးပြီး ထိုးဖောက်ကစားသွားသည်။ အထူးသဖြင့် စပိန်သည် ဘယ်အခြမ်းအပေါ်

ယူရို-၂၀၀၄ အုပ်စု(ဂ) ပထမပွဲစဉ်အဖြစ် ဒိန်းမတ်နှင့်အီတလီအသင်းတို့ ဇွန် ၁၄ရက်က ယှဉ်ပြိုင်ကစားကြရာ ဒိန်းမတ်အသင်းမှ မာတင်လော်ဆင် (နံပတ်-၄)နှင့် အီတလီအသင်းမှ အဲလက်စ်ဒယ်လ်ပီယာရိုတို့ ဘောလုံးယှဉ်လုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူရို-၂၀၀၄ အုပ်စု(ဂ) ဒုတိယပွဲစဉ်အဖြစ် ဆွီဒင်နှင့်ဘူဂေးရီးယားအသင်းတို့ ဇွန် ၁၄ရက်က ယှဉ်ပြိုင်ကစားကြရာ ဆွီဒင်အသင်းမှ တိုက်စစ်မှူး အီဘရာဟင်မိုဘစ် ဆွီဒင်အသင်းအတွက် စတုတ္ထဂိုး(ပိုင်နယ်တီဂိုး) သွင်းယူအပြီး တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အားပြုထိုးဖောက်ကစားသည်။ နောက်တန်းလုံခြုံစိတ်ချရမှုရှိသည်။ သို့သော် ကွင်းလယ်ကစားကွက်ကို စိုးမိုးကစားနိုင်သော အနေအထားတွင်မရှိ။ ဘေးစွယ်များမှသာ ထိုးဖောက်ကစားသည်။ စပိန်၏ ကွင်းလယ်ကစားသမားများသည် လူအပြောင်းအရွှေ့လုပ်ပြီး မကစားကြဘဲ ကိုယ့်နေရာတွင်သာ လှုပ်ရှားကစားကြသည်။

ယူရိုခြေစစ်ပွဲတွင် ဂရိကိုရှုံးသောကြောင့် စပိန်သည် အုပ်စု ဒုတိယသာ ရရှိခဲ့သည်။ သို့ဖြစ်၍ ထပ်ဆင့်ခြေစစ်ပွဲ ကစားပြီးမှ နောက်ဆုံးအဆင့်သို့ တက်လာနိုင်သည်။ ထို့ကြောင့် စပိန်သည် ဂရိအပေါ် လက်စားချေရန်ရှိသည်။

တိုက်စစ်အားကောင်း

ပေါ်တူဂီနှင့်ကစားသော ပထမအပိုင်းတွင် စပိန်၏ ကွင်းလယ်သည် ကောင်းစွာအလုပ်မလုပ်နိုင်ဘဲ ဖြစ်ခဲ့သည်။ ဒုတိယပိုင်း ဗယ်လာရွန်ဝင်လာမှ စပိန်၏ အလယ်တန်းကစားကွက်သည် စေ့စပ်ပြီးမြန်လာသည်။ ပို၍လည်း လှုပ်ရှားကစားနိုင်သည်။ သို့ဖြစ်၍ ဂရိနှင့်ပွဲတွင် စပိန်သည် လူစားလဲခဲ့သော ကစားကွက်အတိုင်း ထွက်လာဖွယ်ရှိသည်။ လောလောဆယ်တွင် နှစ်သင်းစလုံးသည် တန်ပြန်တိုက်စစ်အားကောင်းကြသည်။ ဂရိနောက်တန်း ညာအစွန်တွင် အားနည်းချက်ရှိသည်။ စပိန်မှ ဗင့်ဆင့်တီနှင့် ဗယ်လာရွန်၊ ရာအူးလ်တို့ကလည်း ဘယ်ခြမ်းမှာ အတွဲမိနေသည်။ စပိန်၏ ညာဘက်နောက်တန်းမှ ပူယိုလ်ထိုးဖောက်ချက်များကလည်း တစ်ချက်တစ်ချက် ဂရိကို ဒုက္ခပေးနိုင်သည်။ မည်သို့ပင်ဖြစ်စေ စပိန်သည် ဂရိကို အနိုင်မရ ရအောင် ကစားသွားဖွယ်ရှိသည်။ သို့မှသာ အုပ်စုတက်ရေးအတွက် စိတ်ချရမည်ဖြစ်သည်။ အိမ်ရှင်ပေါ်တူဂီအသင်းအတွက်လည်း မျှော်လင့်ချက်ရောင်ခြည် သန်းလာနိုင်သည်။

ဇွန်(၁၇)ရက်

ကြာသပတေးနေ့

နံနက် ၁း၁၅ နာရီ

ရုရှား-ပေါ်တူဂီ

စပိန်ကို ရှုံးလိုက်သောရုရှားသည် ကစားပုံအားရဖွယ်ကောင်းသည်။ ရှုံးပျော်သည်။ ရုရှားသည် ပုံသေလူထားပြီး ကစားသည်။ ရုရှား၏ ကစားကွက်သည် ပြိုင်ပွဲဝင်အသင်းများနှင့် လုံးဝမတူ။ ၄-၁-၄-၁ ဖြစ်သည်။ ဒီကစားပုံစနစ်မျိုးကို ရုရှားတစ်သင်းတည်းသာ ကစားသည်။ ၎င်းစနစ်ကြောင့် ရုရှား၏ ခံစစ်ကြောင်းသည် ကျစ်လျစ်သိပ်သည်းလုံခြုံသည်။ ရုရှား၏ခံစစ်ကြောင်းကို ဖွင့်ဖို့အတွက် နာမည်ကျော် ပေါ်တူဂီတို့ အကြီးအကျယ် ကြိုးစားကြရလိမ့်မည်။

ရုရှားတို့သည် ပထမ စစချင်းအချိန်နှင့် ဒုတိယ စစချင်းအချိန်တို့တွင် အထနှေးတတ်ကြသည်။ ထို့အပြင် ရုတ်တရက် တန်ပြန်ထိုးဖောက်ချက်ကို ကာကွယ်ရာတွင်လည်း အနည်းငယ်နှေးကြသည်။

စပိန်နှင့်ပွဲတွင် ရုရှားတို့ပေးလိုက်ရသည့် တစ်လုံးတည်းသောဂိုးမှာ ယင်းအချက်ကြောင့်ဖြစ်သည်။ နောက် အားနည်းချက်တစ်ခုမှာ ဘောလုံးဖျက်ရာတွင် အသေဝင်တတ်ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရုရှား၏ကစားပုံသည် အဆင့်အတန်းရှိသည်။ အချိတ်အဆက်မိမိ ကစားနိုင်သည်။ မြန်ဆန်သွက်လက်သည်။ တစ်ချိန်လုံး ကစားရှိန်မကျဘဲ ကစားနိုင်သည်။ ရုရှားတို့၏ ခြေလှမ်းကျဲကျဲ၊ သွက်သွက်လက်လက်၊ တန်ပြန်ထိုးဖောက်ချက်မှာ ဒုက္ခပေးနိုင်သည်ကို သတိထားရမည်။ ကွင်းလယ်မှ အလိုင်နီချက်ဗ်နှင့် ရှေ့တန်းမှ ဘူလီကင်တို့သည် ပြိုင်ဘက်နောက်တန်းများ မျက်စိဒေါက်ထောက်ကြည့်ရမည့်သူများဖြစ်သည်။

ပွဲဦးထွက်၌ အရှုံးနှင့်ရင်ဆိုင်လိုက်ရသောကြောင့် အိမ်ရှင်ပေါ်တူဂီသည် ဖိအား တစ်ပုံတစ်ပင်ကြီး ခံနေရသည်။ ထို့အပြင် အုပ်စုတက်ရေးအတွက်လည်း မျှော်လင့်ချက်အလွန်နည်းလျက်ရှိသည်။ အကယ်၍ ပေါ်တူဂီသည် ရုရှားကို အနိုင်ရသည်ဟုဆိုပါစို့။ သုံးမှတ်ရမည်။ ဂရိကလည်း စပိန်ကိုရှုံးခဲ့မည်ဆိုလျှင် ပေါ်တူဂီနှင့်ဂရိသည် သုံးမှတ်တူကြမည်။

သို့ဖြစ်၍ နှစ်ပွဲတွင် စပိန်က ခြောက်မှတ်ဖြင့် ရှေ့မှဦးဆောင်ထားမည်။ ပေါ်တူဂီနှင့်ဂရိတို့ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့်သုံးမှတ်စီရမည်။ ရုရှားက တစ်မှတ်မှ မရဘဲရှိမည်။ အုပ်စု၏ နောက်ဆုံးပွဲစဉ်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကစားကြမည်။ အိမ်ရှင်ပေါ်တူဂီက စပိန်နှင့်ကစားရမည်။ ဂရိက ရုရှားနှင့် ကစားရမည်။ စပိန်က အိမ်ရှင်ပေါ်တူဂီကို ရှုံးစေကာမူ အုပ်စုတက်နိုင်သေးသည်။ ဂရိကရုရှားကိုရှုံးလျှင် သေချာပေါက်ထွက်ရတော့မည်။ အကယ်၍ ဂရိက ရုရှားကိုနိုင်ခဲ့လျှင် အိမ်ရှင်ပေါ်တူဂီ၊ စပိန်၊ ဂရိတို့ အမှတ်များတူသွားကြလိမ့်မည်။ စပိန်က အုပ်စုတက်ဖို့သေချာသည်။ ပေါ်တူဂီနှင့်ဂရိတို့က ဂိုးကွာဟချက်နှင့် နှစ်သင်းထိပ်တိုက်တွေ့စဉ် ဘယ်သူဂိုးစသွင်းသနည်း ဆိုသည့် အချက်များနှင့် တွက်ပြီး အုပ်စုဒုတိယ ရွေးလိမ့်မည်။ ဂိုးကွာဟချက်တူခဲ့လျှင် အိမ်ရှင်ပေါ်တူဂီ ထွက်ရမည်။

အိမ်ရှင်ပေါ်တူဂီ ပွဲဦးထွက်တွင် ဂရိကိုရှုံးလိုက်ခြင်းသည် ပြဿနာ၏အစဟု ဆိုနိုင်သည်။ မည်သို့ပင်ဖြစ်စေ ပေါ်တူဂီအသင်းသည် ယခုပွဲကို အနိုင်ရအောင် ကစားရမည်။ ပေါ်တူဂီသည် ဂရိကို အပေါ်စီးမှကစားသွားနိုင်သည်မှာ မှန်သော်လည်း ဂရိနောက်တန်းကောင်းမှုကြောင့် ဂိုးမရခြင်းဖြစ်သည်။ ပေါ်တူဂီသည် ပွဲဦးထွက်တွင် ကွင်းလယ်ကစားကွက် ပျောက်နေသည်။ နောက်တစ်ချက်မှာ ကစားကွက်ကျဲသည်။ ၎င်းအားနည်းချက်ကြောင့် လူပေးမှားနိုင်ခြင်း၊ ပြိုင်ဘက်ကြားဖြတ်ဖျက်ထုတ်ခံရခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။ ဒုတိယပိုင်းတွင် ဒေကို၊ ရော်နယ်ဒို ဝင်ရောက်လာမှ ပေါ်တူဂီသည် ကစားကွက်ရော၊ အပေးအယူပါ စေ့စပ်ပြီး ကောင်းလာသည်။

ပေါ်တူဂီ၏ ပွဲပြီးခါနီးကစားပုံအတိုင်းဆိုလျှင် ရုရှားကို အနိုင်ရနိုင်သည်။ နည်းပြဆရာ စကိုလာရီ ဘယ်ပုံ လူထုတ်လာမလဲမသိ။ အတွေ့အကြုံကြွယ်ဝသော ကစားသမားကြီးများအပေါ် မှီခိုအားကိုးခြင်းကို စကိုလာရီ ဒီပွဲတွင် စွန့်လွှတ်ဖွယ်ရှိသည်။ လူငယ်သွေးသစ်များအပေါ် ယုံစားဖို့ရန် အခြေအနေက တောင်းဆိုနေသည်။ ။

သည်အောင်မြေ ညောင်နှစ်ပင်စခန်း

☆ သည်အောင်မြေ ညောင်နှစ်ပင်စခန်းမှာလ
ရည်ဆောင်ပေ အောင်မြင်မှန်းကာပ
စာတမ်းတွေ ပြုစုနေ၊

☆ ဒို့ပြည်ထောင် ဒို့အရေးပေမို့
ဒို့ညီနောင် ဒို့အတွေးနဲ့
ဆွေးနွေးလို့နေ၊

☆ ဘယ်သူတွေ ဘယ်လိုပြောပေမယ့်
ဘယ်မူတွေ ဘယ်လိုကောရယ်လို့
ဒို့သဘောက အရင်းခံပေ
ကြားလူတွေ ဖယ်ရှား၊

☆ ဝေဖန်သူ နောင်တွင်ဝေးမှာမို့
အခြေခံမူ အောင်မြင်ရေးကိုလ
(ပြည်ထောင်စုသားတို့ရယ်) ရှေးရှုစို့လား။ ။

တက္ကသိုလ်တင်ခ

၂၀၀၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲကို ဇွန် ၂၁ရက်မှ ၂၃ရက်အထိ တောင်ဥက္ကလာပမြို့ ဥက္ကလာသေနတ်ပစ်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ပစ်ခတ်စဉ်များမှာ အမျိုးသားလေပစ္စတို၊ လေရိုင်ဖယ်နှင့် အမျိုးသမီးလေပစ္စတို၊ လေရိုင်ဖယ်ပြိုင်ပွဲများဖြစ်သည်။ ပြိုင်ပွဲတွင် အတန်းအားဖြင့် လက်ရွေးစင်တန်း၊ အဆင့်မြင့်တန်း၊ လူသစ်တန်းနှင့် သက်ငယ်တန်းအဖြစ် ခွဲခြားယှဉ်ပြိုင်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇွန် ၁၈ရက်မှ ဇွန် ၂၁ရက် ညနေ ၃နာရီအထိ ဥက္ကလာသေနတ်ပစ်ကွင်း တောင်ဥက္ကလာပမြို့တွင် စာရင်းပေးသွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၄-၆-၂၀၀၄)

ကော့သောင်း -	၅ ဒသမ ၂၀ လက်မ
ဘားအံ -	၂ ဒသမ ၆၄ လက်မ
မောင်တော -	၁ ဒသမ ၆၁ လက်မ

ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ပြုပြင်ရန်အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၅

အင်းစိန်မြို့နယ် မြို့သစ်(က–ခ)ရပ်ကွက်၊ (က/၃)လမ်းတွင် လွန်ခဲ့သော ၄၅နှစ်ကျော်က တည်ထားကိုးကွယ်ခဲ့သော ဉာဏ်တော်၂၁တောင်မြင့် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး သဘာဝရာသီဥတုဒဏ်ကြောင့် ယိုယွင်းပျက်စီးလာသဖြင့် ပြန်လည်ပြုပြင်ရန် ဘုရားကြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို ဇွန်၇ရက် ညနေက ဘုရားကြီး ရင်ပြင်တော်၌ ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာမြိုင်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုရိယ၊ ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ၊မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတနှင့် သံဃာတော်များက ဩဝါဒ ချီးမြှင့်တော်မူသည်။

အဆိုပါ မတ်ရပ်တော်ဘုရားကြီးကို ကျပ်သိန်း ၁၈၀၊ အာရုံခံတန်ဆောင်းကို ကျပ် ၂၀၇သိန်း အကုန်အကျခံ ပြန်လည်ပြုပြင်မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးမြတ်သူ အတွင်းရေးမှူး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အင်းစိန် ဖုန်း–၆၄၂၃၃၁၊ ဦးနိုင်အောင် ဖုန်း–၆၄၀၃၁၁၊ ၀၉၈၀–၃၃၁၂၈၊ ဦးမြင့် ဖုန်း–၆၄၂၁၆၄၊ ဦးဝင်းလှိုင် ဖုန်း–၆၄၂၁၁၉၊ ဦးစိန်အေး ဖုန်း–၆၄၂၀၇၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

(က–ပ)

ဇွန် ၁ရက်က နှစ်ဖက်သော အဘိုးအဘွားများနှင့်မိဘနှစ်ပါးအားအမှူးထား၍ ဂျမေကာနိုင်ငံတွင် ခေတ္တ တာဝန်ထမ်းဆောင်နေသော ဒေါက်တာမျိုးသန့်ခိုင်က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းအောင် လက်ခံယူစဉ်။

(က–ပ)

သန်လျင်စာပေနှင့်စာနယ်ဇင်း အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇွန် ၁၅

သန်လျင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီး အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ဇွန်၁၃ရက် မွန်းလွဲ ၂နာရီက သန်လျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် သဘာပတိ ဒေါ်သန်းသန်း(တက္ကသိုလ်သိဂီ)နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)တို့က အမှာစကား ပြောကြားကြပြီး သန်လျင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ညွှန့်(ဦးဟန်ညွှန့်၊ဥပဒေ)က အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

(က–ပ)

ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၂ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၅၂၉)

အောင်

အစိုးရ ကျောင်းသား၊ ကျောင်းသူများ လက်ခံပြီး

အရည်အသွေးမှာ ထိပ်တန်း

ကြာငါးခိုင် ဝါဆိုသင်္ကန်း

အခြားနည်းသမ္မာန်စာ
ငွေချက်ထုတ်ရန်သမ္မာန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊နည်းဥပဒေ၁နှင့်၅)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၉၇

ဦးတင်မြင့် နှင့် ဦးတင်ဝင်းပါ–၂
တရားလို တရားပြိုင်များ

ဦးတင်ဝင်း၊ ဒေါ်စီစီကျင်(အတူနေလင်မယား)အမှတ်(၆၃)၊ (၃)လွှာ၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တရားလိုက တယ်လီဖုန်းငှားရမ်းအသုံးပြုခွင့်ကို အပြီးအပိုင် လွှဲပြောင်းပေးခြင်းဆိုင်ရာ နှစ်ဖက်သဘောတူ ကတိစာချုပ်ကို ဖျက်သိမ်း၍ ပေးထားငွေနှင့် နစ်နာကြေးငွေကျပ် ၃၅သိန်းတိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ်၊ ဇွန်လ ၃၀ရက်၊ (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူတရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အထောက်အထားစာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊ ဇွန်လ၁၄ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းမြင့်ဦး)
တွဲဖက်တိုင်းတရားသူကြီး(၅)
ရန်ကုန်တိုင်းတရားရုံး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၇၀၁)၊ ရန်ကင်းစင်တာနေ ဦးသန်းထွန်း၊
အမှတ်(၁၃၅/က)၊ တက္ကသိုလ်ရိပ်သာလမ်းနေ
ဒေါ်ရီမာလှိုင်၏ သား

မောင်မြတ်ဖြိုးထွန်း
B.E (Telecommunication)

နှင့်

ရန်ကုန်မြို့၊ အမှတ်(၄၁/၁၆–ခ)၊ အင်းယားမြိုင်လမ်း၊
ရွှေတောင်ကုန်းရိပ်သာနေ
ဦးမြလှ(ဒု–ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)–
ဒေါ်ကြူကြူဆွေ (M.D, Sandi Marine Services Co.,Ltd)
တို့၏ တစ်ဦးတည်းသောသမီး

မစန္ဒီမြလှ Final Year
(Computing & Information System)

တို့သည် ၁၅–၆–၂၀၀၄ (အင်္ဂါနေ့)တွင် Sedona Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်ဖြိုးထွန်း–မစန္ဒီမြလှ။

စိမ်းလဲ့ရွှေပြည်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်၊ ပညာရေးဌာနမှ ထုတ်ဝေသည့် စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၇)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါဂျာနယ်တွင် အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၏ ဇီဝဓာတ်ငွေ့နဲ့လျှပ်စစ်မီးလင်းမယ်ဆိုရင်၊ သျှင်ပညာဇောတ၏ ကံသံသရာ၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၏ ဥပဒေလိုက်နာဘေးကင်းကွာ၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၏ တိရစ္ဆာန်ဆေးကုပညာ၊ အောင်ကျော်ဖြိုး၏ စိုက်ပျိုးမွေးမြူရေးမှာ မြေကြီးက အဓိက၊ မောင်မောင်မြင့်ဦး(တိုင်းရင်းဆေး)၏ မြင်းခွာတစ်ပင်လုံး ဆေးဖက်ဝင်သုံး၊ မောင်မောင်သိန်း (ဇီးကုန်း)၏ မှိုအကြောင်း သိကောင်းစရာ၊ သုတရသဆောင်းပါးများ၊ ဗေဒင်၊ ဆေးဘက်ဝင်အပင်များ၊ ရိုးရာအားကစား စသည့်ကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ စာပေဗိမာန် အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ (က–ပ)

ခင်သီတာအုန်း

အဆင့်မြင့်ပက်ရှင်နှင့် စက်ချုပ်သင်တန်း

ဝယ်မည်

Just Call : 549130

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(၈/၂၂၃၇) မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

MYANMAR® VINEGAR မြန်မာဗီနီဂါ

(Auto Immune System) (Virus)

☎ : 588770, 446 3030

Home Distribution Group

Safety Steel Door

Decorative Wall Covering

High - Tech of Germany

High - Tech of Italy

(Wall Paper)

Special Lock System

Ready Made Floor

High - Tech of Germany

(Office & Showroom)

မြန်ကောင်း

တွံတေးမြို့ အိုးဖိုရပ်ကွက်နှင့် ရွှေဆံတော်ရပ်ကွက် ဆက်သွယ်သည့် အောင်သိဒ္ဓိ အုတ်ရိုးတံတားကြီး ကြမ်းခင်း ကွန်ကရစ်လောင်းခြင်းကို မေ ၂၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂–မြို့ပြ) ဒေါ်နီနီသွင်တို့ ကြီးကြပ်၍ လုပ်ငန်းများ ဆောင်ရွက်စဉ်။

(က–ပ)

ပန်းတိုင် အထွက်တိုးနှုန်းပြည့်မီရေး ပညာပေးဆွေးနွေး အရေးကြီးသီးနှံ ၁၀ မျိုး စိုက်ပျိုးရေးတာဝန်ပေးအပ်

ကျောက်ပန်းတောင်း မေ ၃၁

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ၂၀၀၄–၂၀၀၅ ခုနှစ် စိုက်ပျိုးရေး အရေးကြီးသီးနှံ ၁၀ မျိုး၏ ပန်းတိုင် အထွက်တိုးနှုန်း ပြည့်မီရေး ပညာပေး ဆွေးနွေးပွဲနှင့် စိုက်ပျိုးရေးတာဝန် ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စပါးခန်းမတွင် ကျင်းပသည်။

တက်ရောက်

စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ ကျေးရွာအုပ်စု ၁၂၀ မှ ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များ၊ စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ် မန်နေဂျာ ဦးကြည်မြင့်က အရေးကြီးသီးနှံ(ပန်းတိုင်) ခြောက်မျိုးအတွက် စိုက်ပျိုးရေး နည်းစနစ်များကို လည်းကောင်း၊ မြို့နယ်မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမန်နေဂျာ ဦးအောင်ငွေးက မိုးကြို ချည်မျှင်ရှည်ဝါနှင့် မိုးနှောင်းဝါ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ကောင်း၊ မြေစာရင်းဦးစီးဌာန မြို့နယ် မြေစာရင်းဦးစီးအရာရှိ ဦးစိန်ကြည်လေးက စိုက်ပျိုးမြေဧရိယာ မှန်ကန်စွာ အပြည့်အဝ စိုက်ပျိုးရေးကိုလည်း ကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

တာဝန်ပေးအပ်

ထို့နောက် ၂၀၀၄–၂၀၀၅ ခုနှစ် အရေးကြီးသီးနှံ ၁၀ မျိုး စိုက်ပျိုးရေးအတွက် ကျောက်ပန်းတောင်း–ပုပ္ပား–ပွေးကျစ်–လက်ပံပြား မြို့နယ်ခွဲများရှိ ကျေးရွာ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အသီးသီး ပေးအပ်သည်။

(၁၉၂)

တိုင်းရင်းဆေး သမားတော်များ ကွင်းဆင်းကုသ

ဗိုးကုန်း(ထန်းတပင်) ဇွန် ၅

ပဲခူးတိုင်း အနောက်ပိုင်းတိုင်းခွဲတွင် ပြည်ခရိုင် တိုင်းရင်းဆေးမှူး/ ဆေးရုံအုပ် တိုင်းရင်းဆေးသမားတော် ဦးကျော်ဆွေ ဦးဆောင်သော တိုင်းရင်းဆေး အထူးကုသမားတော်များသည် မေ ၁၅ ရက်မှ ၁၇ ရက်ထိ သဲကုန်းမြို့နယ် ပုတီးကုန်းတိုက်နယ်တွင် လူနာဦးရေ ၁၆၃ ဦးကိုလည်းကောင်း၊ ပြည်မြို့နယ် မိန်းမရဲကျေးရွာတွင် လူနာဦးရေ ၁၉၃ ဦးကိုလည်းကောင်း အထွေထွေရောဂါများကို တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကွင်းဆင်း ကုသပေးခဲ့ကြောင်း သိရသည်။

(၂၁၆)

စပ်မျိုးစပါး မျိုးစေ့ထုတ် ကောက်စိုက်ပွဲတော် နမ့်ခမ်းတွင် ကျင်းပ

နမ့်ခမ်း ဇွန် ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကွမ်းလုံကျေးရွာအုပ်စု ကွမ်းလုံကွင်း၌ စပ်မျိုးစပါး ၁၀ ဧက မျိုးစေ့ထုတ် စိုက်ပျိုးပွဲတော်ကို မေ ၂၅ ရက်က ကျင်းပရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက ပျိုးပင်များကို စိုက်ပျိုး၍ ဖွင့်လှစ်ပေးသည်။

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာ ကျန်းမာရေး ပညာပေး ဟောပြော

မော်လမြိုင်ကျွန်း ဇွန် ၃

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ ပညာပေး ဟောပြောပွဲကို မေ ၃၀ ရက် နံနက် ၁၀ နာရီက ကျိုက်ပိကျေးရွာ အခြေခံ ပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ကောက်စိုက်ပွဲတော်တွင် နမ့်ခမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအေးဇော်လတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ ပါဝင်စိုက်ပျိုးကြသည်။

(မြို့နယ်ပြန်/ဆက်)

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ကျေးရွာအသင်းခွဲ ရှစ်ရွာမှ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ စုစုပေါင်း ၃၁၆ ဦး တက်ရောက်ကြသည်။

ပညာပေးဟောပြောပွဲတွင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်အေးအေးယုက အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါအကြောင်းကို လည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းက မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန် တုပ်ကွေးရောဂါအကြောင်းကို လည်းကောင်း ဟောပြောကြသည်။

(၃၆၄)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အနော်ရထာလမ်း အကြီးစားပြုပြင်ခြင်းလုပ်ငန်းကို မေ ၂၆ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ရှင်းလင်းတင်ပြစဉ်။

(က–ပ)

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်က ရိပ်သာရပ်ကွက် ရန်ကုန်–မန္တလေး ကားလမ်းဘေး ရေမြောင်းဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိမ်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် ကိုင်းပြင်ကြီးကျေးရွာအုပ်စု မြောက်စုကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြကျော်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ကြေးမုံ The Mirror မြို့နယ်သတင်းများ

ရေကာတာဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်

ဓနုဖြူ ဇွန် ၇

ဓနုဖြူမြို့ ရေကာတာ အရှည်ပေ ၁၀၀၉၀တွင် သန့်ရှင်းရေးနှင့် ရေဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ဇွန် ၆ ရက်က တာဖို့ပြုပြင် သန့်ရှင်းရေး ဆောင်ရွက်ရာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် အဖွဲ့ဝင်များနှင့် မြို့နယ် ဆည်မြောင်း ဦးစီးအရာရှိ ဦးထွန်းအောင်တို့ ဦးဆောင်၍ တပ်မတော်သားအင်အား ၂၀၀၊ မြို့နယ်ရဲတပ်ဖွဲ့ဝင် ၁၀၀၊ လူမှုရေးအဖွဲ့အစည်းဝင် ၁၀၀၊ ဌာနဆိုင်ရာ ၂၀၀၊ ပြည်သူလူထု ၄၀၀ စုစုပေါင်း အင်အား ၁၀၀၀ တို့ ပါဝင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(အောက်ပုံ) (ဆည်မြောင်းဦးစီး)

မန္တလေး ခတ်ပုံအသင်း လပတ်တံခွန်စိုက် ပြင်ဦးလွင် စံပြမယ် အလှဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

မန္တလေး ဇွန် ၂

မန္တလေး ရတနာပုံဈေးအပေါ်ထပ် မန္တလေး ဓာတ်ပုံအသင်း၏ လပတ်တံခွန်စိုက် ပြင်ဦးလွင် စံပြမယ် အလှဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ် ဆုချီးမြှင့်ပွဲကို မေ ၃၁ ရက် နံနက်က အသင်းရုံးခန်းတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်များ တက်ရောက်ကြသည်။

ဆုရွေးချယ်

အဆိုပါ စံပြအလှဓာတ်ပုံပြိုင်ပွဲတွင် အကြီးတန်းပထမ ဦးကျော် (လယ်ဝေး)၊ ဒုတိယ ဇော်(မန်းတက္ကသိုလ်)၊ တတိယ ဉာဏ်လင်း(သတ္တဗေဒ)နှင့် နှစ်သိမ့်ဆု သုံးဆု၊ အငယ်တန်းပြိုင်ပွဲတွင် ပထမ အောင်ဘိုဘိုလွင်၊ ဒုတိယ ဇော်မင်းနိုင်၊ တတိယ ဇော်ပိုင်(နယူးအာရှ)နှင့် နှစ်သိမ့်ဆုသုံးဆု ရွေးချယ်ခဲ့သည်။

ချီးမြှင့်

ဒိုင်ချုပ် သိန်းငွေမောင်၊ ဒိုင်လူကြီးများအဖြစ် ဦးကျော်မောင်(တွင်ခုံ)၊ ဦးကျော်အောင်(ပေါက်ခေါင်း)၊ ဦးတင်ဝင်း(ဘူမိ)တို့က ဆောင်ရွက်ပြီး ဆုရရှိသူများကို အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်လိုက်ကြောင်း သိရသည်။

(၃၈၇)

ဒေးဒရဲမြို့နယ် သံဒင်းစံပြကျေးရွာ ချောင်းကူးတံတား တည်ဆောက်

ဒေးဒရဲ ဇွန် ၈

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့သည် ဇွန် ၆ ရက်က သံဒင်း စံပြကျေးရွာ ချောင်းကူးတံတား ကွန်ကရစ်တိုင် ပိုင်ရိုက်ခြင်း လုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ချောင်းကူးတံတားသည် အရှည် ပေ ၇၀၊ အကျယ် ၁၂ ပေ သံကွန်ကရစ်တိုင်၊ သစ်သားကြမ်းခင်း တံတားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၁၁၅ သိန်း အကုန်အကျခံ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာနေ
(ဒုတိယဗိုလ်မှူးကြီး စိုးမြင့်) (လေ–ငြိမ်း၊ ကြည်း၊ ရေ၊ လေ၊ စစ်သံမှူးကြီး)(အင်္ဂလန်)
(ဦးဆောင်ညွှန်ကြားရေးမှူး–အငြိမ်းစား၊ မြန်မာ့ကုန်တိုက်)–ဒေါ်ခင်ကြွေတို့၏သားငယ်

မောင်သန်းထိုက်စိုး B.Econ (Statistics)

အမှုဆောင်၊ ဇုဒ္ဓဂယာသာသနာပြုအဖွဲ့ချုပ်

Director, Myanmar Zillion Trading Co.,Ltd.

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ အမှတ်(၅)နေ
Htoo Trading Co.,Ltd. ဦးတေဇ–ဒေါ်သီတာဇော်တို့၏တပည့်
မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ တောင်စွန်း၊ ပေါက်တောအလယ်ပိုင်းနေ
ဦးသန်းမောင်–ဒေါ်အုန်းတင်တို့၏သမီးလတ်

မသန်းသန်းဝင်း(ခ)မသွင်သွင်လှိုင် B.Com(Q)

Manager, Htoo Trading Co.,Ltd. (Head Office)

တို့၏ ၂၅–၅–၂၀၀၄(အင်္ဂါနေ့)တွင် တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းအားလည်းကောင်း၊ ၅–၆–၂၀၀၄(စနေနေ့)တွင် Sedona Hotel ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဝန်ကြီးချုပ်ရုံးဝန်ကြီး(ငြိမ်း)ဦးကိုလေးနှင့်ဇနီး ဒေါ်ခင်ခင်အားလည်းကောင်း၊ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းပေးသော ဦးမောင်မောင်စိုးတင့်(သံအမတ်ကြီး၊ ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ကြည်အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၏ဇနီး ဒေါ်ခင်မာအေး၊ Htoo Trading Co.,Ltd.မှ Managing Directorဦးတေဇ–ဒေါ်သီတာဇော်နှင့် ဒါရိုက်တာအဖွဲ့ဝင်များအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပို့ပေးသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့်ဇနီး ဒေါ်ခင်လှလှ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီး ဒေါ်စံယုံတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)အားလည်းကောင်း၊ သတို့သားအရံများဖြစ်ကြသော မောင်အောင်ကျော်၊ မောင်မင်းမင်းနှင့်သတို့သမီးအရံများဖြစ်ကြသော မမွန်မွန်တင်ဇာ၊ မရင်ရင်တိုးတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာခင်လှဲ့လှဲ့ရည်နှင့် မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မေဖူးပွင့်ဦးနှင့် မင်္ဂလာစိန်လက်စွပ်ဗန်းကိုင်ပေးသော မေပန်းဖြူဦး၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ကိုမြင့်စိုး၊ မိတ်ကပ်–ဆံပင် အောင်အောင်နှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာအခါပေးနှင့် မင်္ဂလာရတုသီဆိုပေးသော တေးသံရှင် မရတနာဦး၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော Lazy Clubတေးဂီတအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲ မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးပေးသော ကိုလှမျိုးမြင့်(မြင့်မဟာ)၊ ကိုချိုနိုင်(နေရှင်နယ်)၊ ကိုကျော်စိုး(ပြည်မြန်မာ)၊ ကိုမြင့်ဇော်၊ ကိုတင်ကို(Golden Spider)တို့အားလည်းကောင်း၊ ဓာတ်ပုံရိုက်ကူးပေးသော ကိုတူး(ရွှေရုပ်လွှာ)၊ ကိုလှမြင့်နှင့် ကိုဝင်းနိုင်(ကျုံပျော်)တို့အားလည်းကောင်း၊ တည်းဖြတ်ပေးသော ကိုအေးမင်းအားလည်းကောင်း၊ Sedona Hotelမှ မစတယ်လာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ I.B.Cညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန် ကူညီပေးကြသော သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းထိုက်စိုး–မသန်းသန်းဝင်း(ခ)မသွင်သွင်လှိုင်။



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

လမ်းညွှန်စာအုပ်များ ထုတ်ဝေရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ Sales Executive **ကျား/မ (၅) ဦး**

- လုပ်ငန်းအတွေ့အကြုံရှိရန်မလိုပါ။
- ရန်ကုန်မြို့တွင်းနှင့်ပြင်ပခရီးသွားနိုင်သူဖြစ်ရမည်။
- ဘွဲ့ရနှင့် (၂၄)နှစ်မကျော်သူကို ဦးစားပေးပါမည်။

လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာရေးအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ အမှတ်–၁၅(ဂ)၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်သို့ ရက်သတ္တနှစ်ပတ်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

ရောင်း/ငှား

စမ်းချောင်းမြို့နယ်၊ ခေမာလမ်း (တိုက်ခန်း)–ရောင်း။
လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း ပေါ်(တိုက်ခန်း)–ငှား။
Ph˚-˚211074, 224582.

ကားအမြန်ရောင်းမည်

TE-11 /
၈/၅ – – –
ပွဲစားမလို။ ညှိနှိုင်းဈေး
Ph. 09 80 34516.

စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း

သာစည်မြို့၊ အမှတ်(၂)ရပ်ကွက်၊ မီးရထားဝင်းနေ
ဦးလှကျော်(မီးရထား၊ အငြိမ်းစား)–ဒေါ်အေးရှင်တို့၏သား

မောင်အောင်အောင်ကျော် B.A(History)

(ဒု–လ/ထကြီးကြပ်ရေးမှူး/လုပ်ငန်းမီးရထား) နှင့်

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ (၁၂)တပ်မြေနေ
(ဦးနေဝင်း)–ဒေါ်တင်မေလွင်တို့၏သမီး

မစိမ်းလဲ့ဇာဇာ B.A(History)

တို့သည် ဂုဏ်သရေရှိလူကြီးများနှင့် နှစ်ဖက်သော မိဘများ၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ စေ့စပ်ပြီးစီးပါကြောင်း။

မောင်အောင်အောင်ကျော်–မစိမ်းလဲ့ဇာဇာ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

(သထုံ စဝ်ခွန်ကြည်–ဒေါ်အေးသန့်)နှင့်
(Dr. ဦးအေးမောင်၊ ရန်ကုန်ဆေးရုံအုပ်ကြီး၊
ငြိမ်း–ဒေါ်ခင်မြင့်၊ တောင်ကြီးမြို့)တို့၏မြေး
စဝ်အောင်မြင့်(ဒုညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)–
ဒေါ်ခင်နွဲ့အေး[အယ်ဒီတာ၊ NAB–(ငြိမ်း)၊USIS]တို့၏သားကြီး

Dr. ခွန်ကြည်ထွန်း

M.B.B.S, MS(Health Education)MD(U.S.A),Ches
University of Pittsburgh Medical Center

နှင့်

(ဦးဘကြွေ–ဒေါ်သန်းညွန့်၊ ပုသိမ်မြို့)နှင့်
(ပင်မိုစဝ်ခွန်မင်း–ဒေါ်ခင်ကြီး)တို့၏မြေး
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊
ကမ္ဘာအေးစေတီလမ်း၊ အမှတ်–၉၇စီ(၁)နေ
ဦးတင်မောင်(Chief Engineer, RCL Shipping Co,
Singapore)–စဝ်မြသိန်း (ခ)စဝ်ငွေးဝေ(အင်္ဂလိပ်စာဌာန၊
ငြိမ်း၊ ရန်ကုန်တက္ကသိုလ်)တို့၏သမီးကြီး

နန်းခင်ခင်ကြီး

BS(Finance)University of Massachusetts
First Year MA(International Economics and Finance)Brandeis University, Massachusetts

တို့သည် ၅–၆–၂၀၀၄နေ့တွင် အမေရိကန်နိုင်ငံ Massachusetts ပြည်နယ်၊ Walthamမြို့၌ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော မိဘဆွေမျိုးတို့၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ခွန်ကြည်ထွန်း–နန်းခင်ခင်ကြီး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
အင်းစိန်မြို့နယ်တရားရုံးတော်၌
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်–၁၈

တရားလို	**တရားပြိုင်**
ဦးမြတ်ဆွေ	**ဒေါ်သန်းမေ**
အမှတ်(၁၂၈)၊ လှိုင်မြစ်လမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။	အမှတ်–၂၁၈၊ ၂၉–လမ်း၊ ရန်ကုန်မြို့။

အထက်ပါအမှုမှ တရားပြိုင် ဒေါ်သန်းမေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုဖြစ်သော ဦးမြတ်ဆွေက ပဋိညာဉ်ပါမြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇွန်လ ၂၂ရက် (၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၆ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နုတ်၍ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၀၄ခုနှစ် ဇွန်လ ၈ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်မျိုးခိုင်(တ/၂၅၂၂)
ဒုတိယမြို့နယ်တရားသူကြီး(၂)
အင်းစိန်မြို့နယ်တရားရုံး။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ နဘဲမြစ်ကျေးရွာနေ
ဦးကျော်ရှိန်–ဒေါ်မြင့်ရွှေတို့၏သားကြီး

မောင်ကျော်ဦး B.A (Geography)

နှင့်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊
ပြည်လမ်း–မြောက်ပိုင်းရပ်ကွက် အမှတ်(၂၁)နေ
ဦးဘိုးသင်း–ဒေါ်အုန်းခင်တို့၏သမီး

မသန်းမြင့် B.A (History)

တို့သည် ၈–၆–၂၀၀၄နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး(၁)ဒေါ်အေးအေးသိန်း၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ကျော်ဦး–မသန်းမြင့်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
လသာမြို့နယ်၊ ရန်ကုန်မြို့။

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဇွန်လ(၁၄)ရက်။

သူနာပြုဒီပလိုမာ (၃)နှစ်သင်တန်းနှင့် သားဖွား(၁၈)လသင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ၌ ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်မည့် သူနာပြုဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ၂၀၀၄ခုနှစ် အောက်တိုဘာလနှင့် ၂၀၀၅ခုနှစ် ဧပြီလတွင် ဖွင့်လှစ်မည့် သားဖွား(၁၈)လ သင်တန်းများသို့ တက်ရောက်ရန် ဆေးသိပ္ပံပညာဦးစီးဌာနသို့ အောက်ပါအချက်အလက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူသည်–

(၁) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) အခြေခံပညာအထက်တန်း(သို့မဟုတ်) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ လျှောက်ထားနိုင်သည်။
(၃) လျှောက်လွှာပိတ်ရက်ဖြစ်သော ၁၆–၈–၂၀၀၄ရက်နေ့တွင် အသက် (၂၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
(၄) အိမ်ထောင်မရှိသူဖြစ်ရမည်။
(၅) တက္ကသိုလ်ဝင်စာမေးပွဲရမှတ်စာရင်း(မူရင်း)အား တင်ပြရမည်။
(၆) သင်တန်းတက်ရောက်ရန် စိတ်ရောကိုယ်ပါ ကျန်းမာကြောင်း သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ဆရာဝန်၏ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။ သင်တန်းကျောင်းသို့ ရောက်ရှိသောအခါ ဆေးစစ်ခြင်း ပြုလုပ်ရာတွင် အောင်မြင်မှ တက်ရောက်ခွင့် အတည်ဖြစ်မည်။
(၇) သင်တန်းအောင်မြင်ပါက နိုင်ငံတော်အစိုးရ၏ ဝန်ထမ်းအဖြစ် မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်။
(၈) သင်တန်းကာလအတွင်း ပျက်ကွက်သည်ဖြစ်စေ၊ သင်တန်းပြီးဆုံးပြီး နောက် နိုင်ငံ့တာဝန်အား (၃)နှစ်တာဝန်ထမ်းဆောင်ရန် ပျက်ကွက်သည်ဖြစ်စေ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရဖြစ်မည်။

၃။ လျှောက်ထားသူများသည် လျှောက်လွှာများကို ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနများမှရယူပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရန်ဖြစ်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပေးပို့ရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲရမှတ်စာရင်း(မူရင်း)
(ခ) ပညာအရည်အချင်းနှင့် အသက်အတွက် တက္ကသိုလ်ဝင် စာမေးပွဲ အောင်လက်မှတ်မိတ္တူ၊
(ဂ) ပြစ်မှုကင်းရှင်းကြောင်း မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့၏ ထောက်ခံစာ။
(ဃ) အိမ်ထောင်မရှိသူဖြစ်ကြောင်း ကျေးရွာ/ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံစာ။
(င) ပတ်စပို့အရွယ်ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့်အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားဖော်ပြရန်)
(စ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရောက်ခွင့်ရရှိလျှင် မိမိရာထူးမှ နုတ်ထွက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဌာန အကြီးအကဲ၏ ထောက်ခံစာ။

၅။ လျှောက်ထားသူသည် မိမိတက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော စာစစ်ဌာနရှိသည့် ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင်သာ လျှောက်ထားရမည်။

၆။ လျှောက်လွှာကို သက်ဆိုင်ရာ **ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ လိပ်မူ၍ ၁၆–၈–၂၀၀၄**ရက်နေ့ ညနေ(၄း၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်။

၇။ အချက်အလက်မပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်မှ ရောက်ရှိသည့် လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၈။ သင်တန်းတက်ခွင့်ရသူများ၏ အမည်စာရင်းကို ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ ဆေးသိပ္ပံပညာဦးစီးဌာနနှင့် သက်ဆိုင်ရာပြည်နယ်/တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် ၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ကြေညာထားပါမည်။

၉။ အသေးစိတ်သိလိုပါက အောက်ပါဌာနများနှင့်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) ဆေးသိပ္ပံပညာဦးစီးဌာန၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
(တယ်လီဖုန်းအမှတ်–၂၄၁၇၈၃/၂၄၂၈၅၅–လိုင်းခွဲ–၁၄၄၊၁၄၅၊ ၁၄၆ သူနာပြုဌာနစိတ်)
(ခ) သက်ဆိုင်ရာ ပြည်နယ်/တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံးများ

ဆေးသိပ္ပံပညာဦးစီးဌာန။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့်ဆောက်လုပ်ခဲ့သော လမ်းမတော်မြို့နယ်ဗဟိုစည်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီး အဆောက်အအုံ နေထိုင်ခွင့် စာချုပ်ထုတ်ပေးထားပြီး ဖြစ်ပါသည်။ ယခုအခါအဆိုပါအဆောက်အအုံ နေထိုင်ခွင့်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာသောကြောင့် မိတ္တူမှန်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	တိုက်ခန်းအမည် ပေါက်အမည်	မှတ်ပုံတင် အမှတ်	နေရာချထားခံရသည့် တိုက်နှင့်အခန်းအမှတ်
	ဒေါ်မြေပုံ	[၁၂/လမတ(နိုင်) ၀၁၅၁၀၈]	တိုက်–၄၉ အခန်း–၂၃ ဗဟိုစည်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

C B BANK

CO-OPERATIVE BANK LTD. သမဝါယမဘဏ်လီမိတက်

CONGRATULATION

သမဝါယမဘဏ်လီမိတက် **C B BANK** အား

အခြေခံဘဏ်အဖြစ်ထားရှိလျက်

သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက် နှင့်

တောင်သူလယ်သမားများသမဝါယမဘဏ်လီမိတက် တို့က

လာရောက် ပူးပေါင်းပြီး

ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု အပြည့်အဝပေးနိုင်မည့်

သမဝါယမဘဏ်လီမိတက် **C B BANK**

(အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်)အဖြစ်

(၁၅-၆-၂၀၀၄) နေ့တွင် ပေါက်ဖွားရှင်သန်လာခြင်းအတွက်

လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း၊

ဒေါက်တာစိန်မောင်
ဥက္ကဋ္ဌ
ပထမပုဂ္ဂလိကဘဏ်လီမိတက်

ဦးသိန်းထွန်း
ဥက္ကဋ္ဌ
ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်

ဦးအောင်ကိုဝင်း
ဥက္ကဋ္ဌ
ကမ္ဘောဇဘဏ်လီမိတက်

ဦးဝင်းမြင့်
Managing Director
မြန်မာအရှေ့တိုင်းဘဏ်လီမိတက်

ဝမ်းမြောက်စွာဂုဏ်ပြုအပ်ပါသည်

သမဝါယမဘဏ်လီမိတက် CB BANK အား အခြေခံဘဏ်အဖြစ် ထားရှိလျက် တောင်သူလယ်သမားများ သမဝါယမဘဏ်လီမိတက်နှင့် သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက်တို့ အတူတကွ ပူးပေါင်းပြီး ပြည်သူများအတွက် ငွေကြေးဝန်ဆောင်မှု အပြည့်အဝပေးနိုင်မည့် **"သမဝါယမဘဏ်လီမိတက် CB BANK "** (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)အဖြစ် ၁၅-၆-၂၀၀၄နေ့တွင် ပေါက်ဖွားရှင်သန်ခြင်းနှင့်အောင်မြင်ခြင်းအတွက် ဝမ်းမြောက်စွာဂုဏ်ပြုအပ်ပါသည်။

ဦးရန်အောင်-ဒေါ်ရင်ရွှင်
နယူးစတားရတနာရွှေဆိုင်နှင့်နယူးစတားဟိုတယ်
မန္တလေးမြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၄၄၂၄၃မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ခရိုင်ရုံး(မိတ္ထီလာ)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)။**

ဒေါ်ခင်မြဝင်းနှင့်အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၂၅/၂၇)နေ ဒေါ်ခင်မြဝင်းသည် ကျွန်ုပ်၏အမှုသည် ဒေါ်သိန်းဦးထံမှ ငွေကျပ် ၂၇၅၀၀၀၀၀/-(ကျပ်နှစ်ရာခုနစ်ဆယ့်ငါးသိန်းတိတိ)ကို လက်ခံယူထားပြီး ပြန်လည်မပေးနိုင်တော့ကြောင်း ပြောဆိုလာပါသည်။

သက်ဆိုင်ရာ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌လည်း ကိုယ်တိုင်လာရောက် ဖြေရှင်းခြင်းမရှိဘဲ ၎င်း၏ခင်ပွန်း ဦးအောင်ကျင်နှင့် အစ်မ ဒေါ်ခင်ဌေးဝင်းတို့က ဒေါ်ခင်မြဝင်း၏ ကိုယ်စားလာရောက်ပြီး အဆိုပါငွေကြေးအတွက် ပြေပြေလည်လည် အေးအေးဆေးဆေးဖြစ်စေလိုကြောင်း ပြောလာသည်ဟု သိရပါသည်။

သို့ရာတွင် ယနေ့ထိ ပြေလည်စွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါသဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဖြေရှင်းပေးအပ်ရန် တောင်းဆိုအသိပေးလိုက်ပါသည်။

ဒေါ်သိန်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ချို(ဆင်ပေါင်ဝဲ)တရားရုံးချုပ်ရှေ့နေ
အခန်း-၄၂၊ တိုက်-၃၊ ပြည်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၅၀၅၄၆၂။

ရေခဲသေတ္တာနှင့်လေအေးပေးစက် အင်ဂျင်နီယာဖြစ်သင်တန်း

စတင်သင်ကြားမည့်ရက် - ၁၆-၆-၂၀၀၄၊ ၂၁-၆-၂၀၀၄
သင်တန်းသားဦးရေ - ၂၀ ဦး
သင်တန်းအမျိုးအစား - အခြေခံပညာအထက်တန်း အဆင့်ရှိသူများ တက်ရောက်နိုင်ပြီး မော်ဂျူး(၁)နှင့် မော်ဂျူး(၂) သင်တန်းကာလ(၄)လ ပြီးဆုံးပါက City & Guildsမှ Level-3အဆင့် Diplomaရရှိပါမည်။

ဆက်သွယ်ရန်- Novel Win Engineering Centre
အမှတ်(၇)၊ မြေညီ၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်။

E.S.I (အင်္ဂလိပ်စကားပြောသင်တန်းများ)

Basic Level (4 Skill) June 26, Grammer
Special (June 30), IELTS (June 28), Pre/Intermediate, Academic Writing. TOEFL, SAT
လစဉ်တန်းခွဲသစ်များရှိသည်။
အမှတ်(၂၀)၊ အင်လမ်း၊ ကြည့်မြင်တိုင်(သီရိမင်္ဂလာဈေးအနီး)။

အခန်းငှားမည်

၁၉လမ်း(လယ်)၊ မြေညီထပ်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်သုံးပါဝါနှစ်လုံး ဖုန်းပါ။ **ဖုန်း-၂၄၂၃၂၆။**

အမည်ပြောင်းခြင်း

ဦးနိုင်ဝင်း၏သား အထက(၁)ရန်ကင်းမြို့နယ် ပထမတန်း(ခ)မှ မောင်သိဒ္ဓိထွန်းအား ယနေ့မှစ၍ မောင်ရန်မျိုးမြတ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရန်မျိုးမြတ်အောင်။**

အမည်ပြောင်းခြင်း

ဦးစိုးဝင်း၊ ဒေါ်ခိုင်ခိုင်၏ သမီး အထက(၂)လသာ Grade V(A) မှ မကေရီခိုင်ဝင်းအား ယနေ့မှစ၍ မခိုင်ရတနာစိုးဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်ရတနာစိုးဝင်း။**

တိုက်ခန်းရောင်းမည်

မြောက်ဒဂုံ ၃၀ရပ်ကွက်၊ မြေညီထပ်၊ ကျောင်းလမ်း။
ဖုန်း-၆၅၁၂၇၃(ပွဲစားမလို)

မီးစက်ရောင်းရန်

လက်ရှိအသုံးပြုနေသော Elemex 4 KVA တစ်လုံး၊ 2KVA တစ်လုံး ရောင်းရန်ရှိပါသည်။
ဆက်သွယ်ရန်ဖုန်း- °578673(ရုံးချိန်)
09 80 23756.

ဗိုလ်ကြီးလှတင်ဦး(ငြိမ်း)၊ လ/ထညွှန်ကြားရေးမှူး၊ စက်မှု(၂)နှင့် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

၉-၆-၂၀၀၄နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာပါ ဗိုလ်ကြီးလှတင်ဦး(ငြိမ်း)၏"ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း"နှင့်ပတ်သက်၍ ဒေါ်ခိုင်မာဦး[၉/မထလ(နိုင်)၀၀၀၅၁၃]ရွှေပေါက်ကံမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ဦးလှတင်ဦး၏ကြေညာချက်တွင်ပါရှိသော မခိုင်မာဦးသည် အိမ်ထောင်သက် (၁၂)နှစ်ကာလအတွင်း ကျွန်တော်၏ လုပ်ငန်းတာဝန်များအပေါ်တွင်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအပိုင်းတွင်လည်းကောင်း အမျိုးမျိုးစိတ်ဆင်းရဲခဲ့ပြီးမယားဝတ္တရားနှင့်ပြည့်စုံစွာနေထိုင်ခြင်းမရှိပါဟုကြေညာခြင်းမှာ ဒေါ်ခိုင်မာဦးနှင့်မိဘအစ်ကိုများ၏ ဂုဏ်သိက္ခာအား ထိခိုက်စေရန်အကြံဖြင့် မဟုတ်မမှန်ကြေညာခြင်းသာဖြစ်ပါသည်။ ဦးလှတင်ဦးကသာ လင့်ဝတ္တရား ကျေပွန်ခြင်းမရှိဘဲ နေ့စဉ်အရက် သေစာသောက်စားကာ ဇနီးဖြစ်သူအပေါ် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် ပြုလုပ်ကြောင်း သိရပါသည်။

၂။ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်စဉ် (၁၂)နှစ်တာကာလအတွင်း လင့်ဝတ္တရားနှင့်အညီ တစ်အိုးတစ်အိမ်ထူထောင်၍ လုပ်ကိုင်ရှာဖွေကျွေးမွေး နိုင်ခဲ့ခြင်းမရှိသည့်အတွက် ကျွန်ုပ်အမှုသည်၏ မိဘအစ်ကိုများ၏ ပံ့ပိုးကူညီ ထောက်ပံ့မှုဖြင့် နေထိုင်စားသောက်လာခဲ့ရကြောင်း သိရပါသည်။ ထို့ပြင်ဦးလှတင်ဦးနှင့်ဒေါ်ခိုင်မာဦးတို့ မွေးဖွားသည့်သမီးအား တစ်လအရွယ်မှစ၍ ယခု(၁၀)နှစ်သမီးအရွယ်ထိ ဒေါ်ခိုင်မာဦး၏မိဘများကပင် ခေါ်ယူကျွေးမွေး ပညာသင်စောင့်ရှောက်ခဲ့ရပါသည်။

၃။ ထိုသို့ပေါင်းသင်းလာစဉ် ဦးလှတင်ဦးသည် နေ့စဉ်အရက်သေစာ မူးယစ်ကာ ကျွန်ုပ်အမှုသည်အား အပြစ်ရှာ ရန်လုပ်၍ ကိုယ်ထိလက်ရောက်ပြုမှုများ မကြာခဏပြုလုပ်သည့်အပြင် လင်မယားစကားများတိုင်း လူမမယ်သမီးလေးကို အထိတ်တလန့်ဖြစ်အောင် လုပ်ပြီး မိဘအစ်ကိုများကို မထီမဲ့မြင်ပြုလုပ်စော်ကားခြင်း၊ ဒေါ်ခိုင်မာဦးအား အမြဲတစေ ကြိမ်းမောင်းခြိမ်းခြောက်ခဲ့၍ စိုးရွံ့ထိတ်လန့်နေကြောင်း သိရပါသည်။

၄။ ၎င်းပြင်ဒေါ်ခိုင်မာဦး၏မိဘအစ်ကိုများ စီးပွားပျက်အောင်၊ တစ်သက်လုံးစိတ်ဆင်းရဲအောင် အရှက်ကွဲအောင်လုပ်မည်ဟု အမြဲကြိမ်းမောင်းခြိမ်းခြောက်ခဲ့ကြောင်း သိရပါသည်။

၅။ ထိုကဲ့သို့ ဦးလှတင်ဦး၏ ကိုယ်စိတ်နှစ်ပါးညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုမခံနိုင်၍ ကျွန်ုပ်၏အမှုသည်မှ ဆက်လက်မပေါင်းသင်းလို၍ ၂၅-၅-၂၀၀၄နေ့က ကွာရှင်းပေးရန် ရှေ့နေဖြင့် အကြောင်းကြားစာပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အကြောင်းကြားစာအပေါ် ဦးလှတင်ဦးဘက်မှ တစ်စုံတစ်ရာ ပြန်ကြားခဲ့ခြင်းမရှိပါ။

၆။ ဦးလှတင်ဦးက မိမိပြုမှုခဲ့သော လုပ်ဆောင်ကျူးလွန်မှုများအတွက် အကာအကွယ်ယူရန် ထိုသို့မဟုတ်မမှန်ဖော်ပြပြီး လုပ်ကြံကြေညာခြင်းသာ ဖြစ်ပါသည်။

၇။ ဦးလှတင်ဦးအနေဖြင့် နောက်နောင် ထိုကဲ့သို့ မဟုတ်မမှန်ဖော်ပြ ကြေညာခြင်း မပြုလုပ်ရန် တားမြစ်ပါသည်။ ဦးလှတင်ဦး၏ ပြုမှုလုပ်ဆောင်ချက်အပေါ် ကျွန်ုပ်အမှုသည်က ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဒေါ်ခိုင်မာဦး၏လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်စန်းဦး B.A(Law), LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်-၂၇၁၂)
၁၇/၄၀၈၊ တောင်ငူလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
မိုးကုတ်မြို့နယ်တရားရုံး၌
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

ဒေါ်တင်တင်မြင့် တရားလို **နှင့်** **ဦးကံဌေး (ခ) ကျော်ဝင်း** တရားပြိုင်

မိုးကုတ်မြို့ သဒ္ဒတ်လျှိုးကျေးရွာရပ်နေ ဦးကံဌေး(ခ)ဦးကျော်ဝင်းသိစေရမည်။

သင့်အပေါ်၌ ဒေါ်တင်တင်မြင့်က လင်မယားကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဇွန်လ ၂၁ရက် (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း၅ရက်နေ့)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇွန်လ၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ကြည်ဝင်း
မြို့နယ်တရားသူကြီး။



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပန်းပင်ကုန်း၊ ရွှေနှင်းဆီကန်လမ်း၊ အိမ်အမှတ်-၁၁၂၊ အကျယ်အဝန်း(၃၅ ဒသမ ၅' X၁၂၀')ခန့်ရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါက်တာဒေါ်သက်နွယ်(L/RGN-၀၀၅၇၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးမျိုးမော် B.Sc, H.G.P, Dip in B.L
Unity Real Estate Co., Ltd. ၏ ဥပဒေအကြံပေး
တိုက်(၁၁၀)၊ အခန်း(၃)၊ ပြည်လမ်း၊ မရမ်းကုန်း။
Ph-651512, 652040, 726390, Fax: 651512.

အလှကြိုက်သူများအတွက်

ကိုယ်လုံးလှ၊ ဗိုက်စည်း၊ ကော့ဆက်၊ ဗိုက်ချပ်စကတ်၊ မိခင်လောင်းများအတွက် ဗိုက်စည်း၊ ပုံစံမျိုးစုံ အထူးချုပ်သည်။

နေသစ်ဇင် - အမှတ်(၁)၊ ဗညားဒလလမ်းနှင့်စက်ရုံလမ်းထောင့်၊ (၄)လွှာ ကမ္ဘောဇဘဏ်အပေါ်ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၂၀၀၄၉၁။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဘ/၃၂၄၂ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး (ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

ဦးခင်မောင်သွယ်(၆၃)နှစ်

ဂီတစာဆိုမောင်ကြေးမုံ
(မင်းလှ)

မင်းလှမြို့နေ (ဦးသွယ်-ဒေါ်ကျော့ကက်)၏သား ဦးကြည်လွင်၊ ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းသွယ်(ဦးစိုးလွင်)တို့၏မောင်ညီအစ်ကို၊ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ဦးဇေယျ၊ဒေါ်သီတာ (အလကမငေးစုရွှာ)၊ ကိုသီဟသွယ်- မခက်ခက်မာငြိမ်း၊ ကိုခန့်ချော၊(မောင်ကျော်ဇေယျ)တို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၄-၆-၂၀၀၄(တနင်္လာနေ့)တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၇-၆-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဒေါ်ကေသီတာ(ခ) KQ
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)နေ (ဆရာကြီးဦးအောင်ဖေညွန့်၊ ရူပဗေဒ–ဒေါ်စိန်စိန်)တို့၏သမီးထွေး၊ (ဦးသိန်းတန်)၏ ချစ်လှစွာသောဇနီး၊ အက်လက်ဇွန်ဒြားသိန်းတန်၏ ချစ်လှစွာသော မွေးသမိခင်၊ ဦးအောင်မြဦး–ဒေါ်ခင်စုစု၊ ဦးယုမောင်–ဒေါ်ယဉ်ယဉ်လတ်၊ ဦးအောင်မျိုးလတ်–ဒေါက်တာခင်ဥမ္မာနိုင်၊ ဦးအောင်တိုးလတ်–ဒေါ်နန်းစန္ဒာတို့၏ ချစ်လှစွာသော ညီမလေး၊ တူ/တူမ ၁၀ယောက်တို့၏ ချစ်လှစွာသော ဒေါ်လေး ဒေါ်ကေသီတာသည် ၁၅–၆–၂၀၀၄ရက် ညနေ၄နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး ကင်ဘာရာမြို့မှ သံရုံးအုပ် ဦးဝင်းမြင့်၏ ဖခင်ဦးလှရွှေသည် ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့်သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအားလုံးက ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာသံရုံး၊ ကင်ဘာရာမြို့။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

M.G.W Hotel & Construction Co., Ltd. (မန္တလေးမြို့)တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။	Project Manager	ကျား (၁)ဦး
၂။	Project Engineer	ကျား (၁)ဦး
၃။	Architecture	ကျား (၁)ဦး
၄။	Hotel & Tourism Marketing Officer	ကျား/မ (၂)ဦး

အမှတ်စဉ်(၁)၊ (၂) ရာထူးအတွက် အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်း BE, A.G.T.I(Civil)ဘွဲ့ရပြီး၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ အင်္ဂလိပ်ရေး/ပြောနိုင်ရမည်။ Project Planရေးဆွဲနိုင်ရမည်။ နိုင်ငံခြားတွင် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၃)ရာထူးအတွက် အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်း B.Arch ဘွဲ့ရ၊ အနည်းဆုံးလုပ်ငန်း အတွေ့အကြုံ(၅)နှစ်ရှိရမည်။

အမှတ်စဉ်(၄)ရာထူးအတွက် အသက်(၂၅)နှစ်မှ(၄၀)နှစ်အတွင်း ဘွဲ့ရပြီး လုပ်ငန်းစီမံခန့်ခွဲမှုအတွေ့အကြုံနှင့် လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိရမည်။ နယ်ခရီး ထွက်နိုင်သူ၊ Hotel & Tourism အကြောင်း နားလည်တတ်ကျွမ်းသူများအား ဦးစားပေးမည်။

အထက်ပါရာထူးများသည် ပုဂံဟိုတယ်နှင့် ဆောက်လုပ်ရေးများတွင် ပူးတွဲတာဝန်ထမ်းဆောင်နိုင်ရမည်။ လျှောက်ထားလိုသူသည် တစ်လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း အောက်ပါလိပ်စာများသို့ လာရောက်လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

M.G.W Hotel & Construction Co., Ltd.
အမှတ်(၂၀၄)၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၇၀၁၅၆၈၊ ၅၃၈၀၉၆၊ ၅၃၈၁၉၁။
အမှတ်–ကက ၁/၂၊ ၅၉ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ကန်သာယာရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း–၀၂–၈၀၇၈၆၊ ၈၀၉၉၆။
ရောဟိုတယ်(ပုဂံမြို့ဟောင်း) ဖုန်း–၀၂–၆၇၀၂၇၊ ၆၇၀၅၄။

ဝန်ထမ်း အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

A.H.K Product Co.,Ltd. တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။	Project Manager	ကျား(၁)ဦး
၂။	Assistant Project Manager	ကျား(၁)ဦး
၃။	Regional Sale Manager	ကျား(၂)ဦး
၄။	Trade Marketing Officer	ကျား/မ(၁)ဦး
၅။	Senior Accountant	ကျား/မ(၃)ဦး
၆။	Office Superintendent	ကျား/မ(၁)ဦး
၇။	Store Keeper	ကျား/မ(၁)ဦး
၈။	Computer Operator	ကျား/မ(၁)ဦး
၉။	Sale Supervisor	ကျား(၅)ဦး
၁၀။	Sale Representative	ကျား(၁၀)ဦး

အမှတ်စဉ် (၁)၊ (၂)ရာထူးအတွက် အသက်(၃၅)နှစ်မှ (၅၀)နှစ်အတွင်း BE.,A.G.T.I(Mechanical) ဘွဲ့ရပြီး၊ စက်ပစ္စည်းများနှင့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။ အင်္ဂလိပ်စာ ရေး/ပြောနိုင်ရမည်။ Project Plan ရေးဆွဲနိုင်ရမည်။ နိုင်ငံခြားတွင် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၃)၊(၄)ရာထူးအတွက် အသက်(၂၅)နှစ်မှ(၄၀)နှစ်အတွင်း၊ ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စီမံခန့်ခွဲမှုအတွေ့အကြုံနှင့် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။

အမှတ်စဉ်(၅)ရာထူးအတွက် အသက်(၂၅)နှစ်မှ (၄၅)နှစ်အတွင်း B.Com (CPA), B.Com, DA, LCCI Level III အောင်မြင်ပြီးသူ Computerize Accountingအားကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ စာရင်းကိုင် အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

အမှတ်စဉ်(၆)၊ (၇) ရာထူးအတွက် အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။ဘွဲ့ရ၊သက်ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။ လျင်မြန်သွက်လက်၍ အလုပ်ကြိုးစားလိုစိတ်ရှိရမည်။

အမှတ်စဉ်(၈)ရာထူးအတွက် အသက်(၂၅)နှစ်မှ(၃၅)နှစ်အတွင်း Fax, E-mail, Internet, Computerize Accounting, Software ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

အမှတ်စဉ်(၉)ရာထူးအတွက် ဘွဲ့ရ၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စားသောက်ကုန်လုပ်ငန်းနှင့် ပတ်သက်၍ အတွေ့အကြုံ(၃)နှစ် ရှိရမည်။

အမှတ်စဉ်(၁၀)ရာထူးအတွက် ဘွဲ့ရ၊ (၁၀)တန်းအောင်၊ ယာဉ်မောင်းလိုင်စင်ရှိပြီး ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ နယ်ခရီးထွက်နိုင်ရမည်။ စားသောက်ကုန်လုပ်ငန်းနှင့် ပတ်သက်၍ အတွေ့အကြုံ (၃)နှစ်ရှိရမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင် အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အောင်လက်မှတ် မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်းလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။

A.H.K Product Co.,Ltd.
အမှတ်(၂၀၄)၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁–၇၀၁၅၆၈၊ ၅၃၈၀၉၆၊ ၅၃၈၁၉၁။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးရဲဝင်း (ခ) Mr. E.M. Watts
အသက်(၈၄)နှစ်
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ မြေနီကုန်းနေ (Mr. J. P.Watts–ဒေါ်အုန်းဖူး)တို့၏ သား၊ သာယာဝတီ၊သုံးဆယ်မြို့နေ(ဦးဘိုးကွယ်–ဒေါ်မေရှင်)တို့၏ သားသမက်၊ [ဒေါ်ချိုချို(ခ)ဒေါ်သန်းစိ]၏ ခင်ပွန်း၊ ဦးထွန်းစီ(ဒု–အကခမှူး)–ဒေါ်ဝင်းဝင်း၊ဦးအောင်ထွန်း–ဒေါ်မာမာချိုတို့၏ ဖခင်၊ မောင်အောင်ရဲဦး–မအိအိခိုင်၊ မောင်ရဲသီဟထွန်း–မစန်းထိပ်ထားဦး၊ မအိသန္တာထွန်း၊ မကေသီသွယ်–မောင်ရဲဝင်းလေး၊ မမြတ်သန္တာထွန်း၊ မရီမွန်သွယ်တို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၅–၆–၂၀၀၄ရက်တွင် အမှတ်(၁၂၂/၂)၊ ညောင်တစ်ပင်လမ်း၊ ရွာသစ်အရှေ့၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ် နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇–၆–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အင်းစိန်နေအိမ်နှင့် အဝေရာလမ်းနေအိမ်မှကားများမွန်းလွဲ၁း၁၅ နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ရီ (၈၁)နှစ်

ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟောမာလမ်း၊ အမှတ်(၂၁)နေ (ဗိုလ်မှူးမောင်ထွန်း) ၏ဇနီး၊ ဒေါ်ခင်သန်းသန်း၊ဦးဇော်ထွန်း–ဒေါ်ငွေငွေ၊ ဦးကိုကိုလတ်–ဒေါ်မာထွေး၊ ဦးဇော်မြင့်(ခ)ကိုရေခဲ၊ ဒေါ်ရီရီထွန်း (ထ–၁၊ဒဂုံ)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်ခင်ရီသည် ၁၅–၆–၂၀၀၄ရက်မွန်းလွဲ ၁၂း၃၀ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၁၉–၆–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်ရှင် (၇၉)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အပိုင်း(၄)၊ ဇောတိက (၁)လမ်းနေ (ဦးလှ–ဒေါ်ပိုး)တို့၏ သား၊ ဒေါ်ငြိမ်းအေး၊ (ဦးစံသိန်း)–ဒေါ်တင်မေ၊ ဒေါ်ငွေလှိုင်တို့၏ အစ်ကို၊ ဦးခင်မောင်အေး(ပြည်တွင်းရေကြောင်း)–ဒေါ်ခင် ငွေ (စည်/ပင်)၊ဦးသိမ်းမင်း–ဒေါ်စန်း စန်းမြင့်၊ ဒေါ်သန်းသန်းမြင့်၊ဦးဝင်းအောင်–ဒေါ်စန်း စန်းထွေးတို့၏ ဘကြီး၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၄–၆–၂၀၀၄ (တနင်္လာနေ့)တွင် ကွယ်လွန်ပါ၍ ၁၆–၆– ၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

တကကလှရွှေ (၇၂)နှစ်
(တပ်မတော်–ရေငြိမ်း)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ ၆/၂၀၆နေ (ဦးထွန်းစိန်–ဒေါ်သင်း)တို့၏သား၊ ဒေါ်ကြည်၏ ခင်ပွန်း၊ဦးစိုးလှိုင်–ဒေါ်ငြိမ်းလှတို့၏ အစ်ကို၊ ဦးမြင့်လွင်–ဒေါ်နုနုရီဦးဝင်းမြင့်(နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်သီတာဇေယျ၊ ဦးလှမင်း (ပြည်တွင်းအခွန်)–ဒေါ်မြင့်မြင့်သိန်း (ဆေးဂွမ်း–၂၆)၊ ဒေါ်မြင့်မြင့်ဝေ (မရမ်းကုန်းအထည်–၁)၊ ဦးသက်လွင် (ရှီရှင်းရေလုပ်ငန်းကုမ္ပဏီ)–ဒေါ်ခင်ဝင်းဝင်းဇော်၊ဒေါ်တင့်တင့်ဝေ (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ဒေါ်ယဉ်ယဉ်ထွေး(Asia Express)တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည်၁၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၅–၆–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အေး (၆၇)နှစ်
(တောင်ကြီး)

ရန်ကုန်မြို့နေ (ဦးမြ–ဒေါ်စီစီ)တို့၏ သမီးထွေး၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ ဇောတိကလမ်း၊အမှတ်(၂၇၇)နေ (ဦးမောင်မောင်လှိုင်)၏ဇနီး၊ဦးမြင့်လွင်–ဒေါ်လွင်လွင်ပြုံး၊ ဦးမင်းဆွေ–ဒေါ်တင်တင်အေး၊ ဦးစိုင်းရွှေထူး – ဒေါ်သိန်းသိန်းလှိုင်၊ ဦးမောင်မောင်ထွန်း–ဒေါ်အေးအေးဝင်း၊ ဦးအောင်ပိုင်–ဒေါ်ငွေငွေလှိုင်၊ဦးမောင်မောင်လှ–ဒေါ်နန်းဝင်းသီတာစောတို့၏ မိခင်၊မြေး၁၂ယောက်တို့၏အဘွားဒေါ်တင်အေးသည်၁၄–၆–၂၀၀၄(တနင်္လာနေ့) တွင် ကွယ်လွန်ပါ၍ ၁၆–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါ နေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀–၆–၂၀၀၄(တနင်္ဂနွေနေ့)နံနက်၆နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားနာကြရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်ထွေး
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(၅၆၉)နေ(ဦးစံဦး–ဒေါ်သဲမိတ်)တို့၏သမီး၊ (ဦးချစ်တီး)၏ဇနီး၊ ဦးမြင့်ဆွေ (စာတည်းမှူး၊ ကြေးမုံသတင်းစာ)–ဒေါ်နီနီစံ(အကြီးတန်းသတင်းထောက်၊ မြန်မာ့အလင်းသတင်းစာ)၊ဒေါ်သန်းနွဲ့၊ဦးလှိုင်ဘွား(FJVCC–အင်/ယာဌာန)–ဒေါ်တင်နွယ် (ဒု–ဦးစီးမှူး၊ ပဲခူးမြို့နယ်အခွန်ဦးစီးဌာန)၊ ဒေါ်မြင့်မြင့်ကြည်တို့၏ ချစ်လှစွာသော မိခင်၊ မောင်ဇေယျာမင်း၊ မောင်ရန်ပိုင်သော်၊ မောင်ဇာနည်ဦးတို့၏ အဘွားဒေါ်ထွေးသည် ၁၄–၆–၂၀၀၄(တနင်္လာနေ့)မွန်းလွဲ၂း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၈း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးကျော်ထူး(ခ)Kenneth Boyce
အသက်(၇၄)နှစ်
အုပ်ခွဲတပ်ကြပ်ကြီး (အငြိမ်းစား)၊ တပ်မတော်(လေ)

(Edward Boyce–ဒေါ်မော့စ်)တို့၏ တစ်ဦးတည်းသောသား၊(ဦးဖိုးသက်–ဒေါ်အားပု)တို့၏ သားသမက်၊ အမှတ်(၃၇) သိဒ္ဓိလမ်း၊ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေဒေါ်သန်းညွန့်(ခ)ဒေါ်ဇာဘီနာ၏ခင်ပွန်း၊ဒေါက်တာတင်ထွန်း(တာဝန်ခံဆရာဝန်၊တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စီးပွားကူးသန်းဝန်ကြီးရုံး၊ စစစ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်)–ဒေါ်သင်းသင်းဦး၊ ဦးတက်နေဝင်း–ဒေါ်အေးအေးဝင်း၊ဦးကျော်အေး–ဒေါ်စုစုပြုံး၊ မမော့မော့တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုး ဦးကျော်ထူး(ခ) Kenneth Boyceသည် ၁၅–၆–၂၀၀၄ရက် နံနက် ၈း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉–၆–၂၀၀၄ရက်မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများမွန်းတည့် ၁၂နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄၇၇)၊ပြည်လမ်းနေ ဦးကျော်မင်း (Bowpan Pty Ltd.) ၏ဇနီး၊ (ဦးစိန်–ဒေါ်ကြွယ်)တို့၏သမီး၊ ဒေါ်ယဉ်မင်းအေး–ဦးသန်းရှိန်၊ မစုစုခင်၊မောင်အောင်ငြိမ်းချမ်းတို့၏မိခင်၊ မယွန်းမြတ်ရွှေရည်၏အဘွားသည် ၁၅–၆–၂၀၀၄ရက် နံနက်၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၄ ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄၇၇)၊ ပြည်လမ်းနေ ဦးကျော်မင်း (Bowpan Pty Ltd)၏ ဇနီး၊(ဦးစိန်–ဒေါ်ကြွယ်)တို့၏သမီး၊ (ဦးဖရက်ဒီဘတင်)–ဒေါ်ရွှေကျင်၊ ဦးသိန်းကြည်–(ဒေါ်ထွန်းစိန်)၊ (ဦးဟယ်ရီ–ဒေါ်မရင်)၊ (ဦးဖေရီ)–ဒေါ်နန်းရှိန်၊ (ဦးမောင်မောင်အေး)–ဒေါ်မေ၊ ဦးညွန့်လှိုင်–(ဒေါ်ထွေးစိန်)၊ ဒေါ်ကျင်မြိုင်၊ (ဦးမောင်ကြီး)–ဒေါ်တင်တင်တို့၏ညီမသည် ၁၅–၆–၂၀၀၄ရက် နံနက်၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၆–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ထားရှင် (၈၄)နှစ်
(ကျုံမငေး)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ပဒေသာလမ်း၊ အမှတ်(၂၈)နေ (ဦးဘိုးဦး–ဒေါ်ကောက်ကလေး)တို့၏သမီး၊ ဦးစိန်လင်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ဦးမင်းဇော် (ရပ်ရှင်သရုပ်ဆောင်) – ဒေါ်ခင်သန်းမြင့် (ယဉ်ကျေးမှုဝန်ကြီးဌာန)၊ ကိုမောင်မောင်သန့်–ဒေါ်ချိုချိုလင်း (Myanmar Tourex Co., Ltd.)၊ ဦးကျော်လင်း (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–မလှလှဦး၊ ကိုညဏ်လင်း–အွိုက်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး၁၁ယောက်တို့၏ အဘွား ဒေါ်ထားရှင်သည်၁၅–၆–၂၀၀၄ရက် ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့်၁၇–၆–၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Mr. John Ross(a)Johnny
အသက်(၃၈)နှစ်
ဆသရ(မိုက္ကရို–ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီး ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၆၄)၊ (ရှင်ဂါဗြေလ ခရစ်ယာန်ဘုရားရှိခိုးကျောင်းဝင်း)နေ (Mr. A. E Ross) လေကြောင်းထိန်းသိမ်းရေးအရာရှိ(ဒု–ငြိမ်း)– Mrs. B. Ross(အလက–၂၊ ပုဇွန်တောင်–ငြိမ်း)တို့၏ သား၊ (ဦးလှမြင့်)–ဒေါ်လွင်လွင်အောင်(ရွှေပတ္တမြားကျောက်မျက်ကုမ္ပဏီ)တို့၏ မောင်၊ (Mr. S.Ross)၊ (Mr. Antony–ဒေါ်ဇင်ဇင်ထွန်း)၊ ဦးဝင်းကျော်မင်းထွန်း (ခ)Mr. J.Ross(M.V TA SAN)တို့၏ အစ်ကိုကြီး၊မမြမြအောင်၊မဝင်းဝင်းမော်၊ (မဆွေမြတ်နိုး)တို့၏ ချစ်လှစွာသောဦးလေး Mr. John Ross(a)Johnny သည် ၁၅–၆–၂၀၀၄(အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆–၆–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေး သုသာန်၌ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

U LIAN KHEN PAU
တပ်ကြပ်(အငြိမ်းစား)
အသက်(၇၂)နှစ်
(Phaitu Khuo)

တွန်းဇန်မြို့နယ်၊ ဖိုင်တူကျေးရွာနေ (Pu Tut Za Kham)၊ (Pi Dim Kho Cing)တို့၏ သားကြီး၊ Nu Lun Kho Vung၊ Pa. Go Cin Hau၊ တပ်ကြပ်ကြီး (တပ်မတော်–ရေ) U Aih Cin Pau (ငြိမ်း) Nu No Man Naing (Lia Hat Khan NO) (Tg. Cin Za En) Lie Niang Khan Nuam၊ (Lie Cing Nuan Vung), Pa Lian Za Dal၊ Nu Ngai Zam Niang, Nu Vung En Cing၊ Pa Lian Suan Mangတို့၏ ညီ/အစ်ကိုကြီး၊ Pa Kham Khen Thang၊ Nu Man Kho Hau, Pa Kham Do Dal (လယ်/ပြ Phaitu)၊ (Nu Nel Hau Cing)၊ Pa Cin Lam Mung၊ Nu Vung Zam Nel, Pa Hau En Pau၊ Nu Nian Suan Ciin၊ Pa Dal Khan Lian၊ Nu Mung Deih Lunတို့၏ ဖခင် Nu Kai Kho Niang၏ခင်ပွန်း၊မြေး ၁၃ ယောက်တို့၏ အဘိုးသည် ၁၃–၆–၂၀၀၄ ရက် နံနက် ၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွား ပါသဖြင့် ၁၅–၆–၂၀၀၄ ရက်တွင် Phaitu, R.C.M သုသာန်၌ ဂူသွင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ သိမ်၊
ရဟန်းဒါယကာကြီး

ဦးရွှေသန်း(၆၃)နှစ်
(စမ်းချောင်း)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၆၆)နေ (ဦးစံ–ဒေါ်စိန်ညွန့်)တို့၏ သား၊ (ဦးဖိုးညဏ်–ဒေါ်စောမြ)တို့၏ သားသမက်၊ (ဒေါ်ခင်ရီ)၏ ခင်ပွန်း၊ (ဦးစိန်ဝင်း)–ဒေါ်အုန်းဟန်တို့၏မောင်၊ ဦးညဏ်ထွန်း၊ ဒေါ်စန်းစန်းမြင့်၊ မအေးအေးစိုးတို့၏ ဖခင်၊ မောင်ပြည့်ဖြိုးမင်း၊ မောင်အောင်သူတို့၏ အဘိုးသည် ၁၄–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၆–၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ အာစိဏ္ဏ
သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၈၇)နှစ်
ကမ္ဘောဇ္ဇာန်းကျောင်း၊ ပဓာနနာယကဆရာတော်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၁)ဝိုင်း၊ ပါရမီလမ်း၊ ကမ္ဘောဇ္ဇာန်းကျောင်းဆရာတော်ဘဒ္ဒန္တအာစိဏ္ဏသည် ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော်၁၂ရက်၊ ၁၄–၆–၂၀၀၄ရက် နံနက်၁၁း၄၅နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို နယုန်လပြည့်ကျော်၁၄ရက်၊ ၁၆–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်သံဃာ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှ ကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးဝါယာမ
သိက္ခာတော်(၃၃)ဝါ၊ သက်တော်(၅၃)နှစ်
ဟံသာဝတီကျောင်း၊ ဗားကရာတိုက်၊ စမ်းချောင်း
(ကျောက်တော်)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗားကရာတိုက်၊ ဟံသာဝတီကျောင်း၌ သီတင်းသုံးနေတော်မူသော ဦးဝါယာမသည် ၁၅–၆–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၇–၆–၂၀၀၄(ကြာသပတေးနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပင့်ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဟံသာဝတီကျောင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ။

ဝမ်းနည်းကြေကွဲခြင်း
ဆရာဦးမြသွင် (၈၇)နှစ်

ဆရာဦးမြသွင်သည် ၁၃–၆–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(အထက–၁၊ လမ်းမတော်၊ စိန့်ဂျွန်း) St. John 74 ငယ်တပည့်များ။

ဦးအောင်ကျော်သိန်း(ခ)ဦးမောင်မောင်လှ
အသက်(၆၂)နှစ်
တကကက(ငြိမ်း)၊ တပ်မတော်(လေ)
(စစ်တွေ)

(ဦးစံထွန်းဖြူ–ဒေါ်သိန်းတန်ဦး)တို့၏သား၊ (ဦးဘိုးလှ–ဒေါ်ယဉ်သာဖြူ)တို့၏သားသမက်၊ ဒေါ်အစိန်၊(ဦးဖြူမောင်–ဒေါ်မသာစိန်)၊ ဦးဘသိန်း၊ ဦးသိန်းမြ၊ ဒေါ်မချစ်စိန်၊ (ဦးကျော်ထွန်းဦး–ဒေါ်သန်းကြူ)၊ ဦးဖိုးလှ–(ဒေါ်လီ)၊ ဒေါ်ညွန့်ရှင်တို့၏ညီ/မောင်၊ ရန်ကုန်တိုင်း၊မရမ်းကုန်းမြို့နယ်၊(၁)ရပ်ကွက်၊အမှတ်(ခ/၇၃)၊ ကံ့ကော်လမ်းသွယ်(၅)၊ ဘုရင့်နောင်ပွဲရုံနေ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ဦးမောင်ထွန်းကျော်ဒေါ်ပုလဲစိန်၊ဦးစိုးထွန်း ဒေါ်အေးဝင်းခိုင်(ကြယ်စုံပွဲရုံ)၊ဒေါ်ဖြူမေ၊ဒေါ်သိန်းရွှေတို့၏ယောက်ဖ၊ ဦးလှမြင့်–ဒေါ်ဦးသိန်းမြ(ရခိုင်သားကြီးစာပေ)၊ ဦးပေါ်ထွန်းအောင်၊ ဦးအောင်ကျော်ထွန်း–ဒေါ်မြသန္တာ၊ ဒေါ်သန္တာအေး၊ (မောင်ကောင်းမြတ်သူ)တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့) ည၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၁–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားသောဖခင်ကြီးဦးဝင်းခိုင် နာမကျန်းစဉ် ဂရုစိုက်ကုသပေးသော ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသဆောင်၊ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်တို့မှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ဆရာမများအားလည်းကောင်း၊ဗဟိုစည်အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဈာပနကိစ္စတွင်အစမှအဆုံးထိအဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသောဆွေမျိုး မိတ်သင်္ဂဟများနှင့်ကျန်ရစ်သူမိသားစုအား လူကိုယ်တိုင်သော်လည်းကောင်း၊ စကားပြောကြေးနန်း၊ အီးမေ(လ်)စသည်တို့ဖြင့် မေးမြန်းနှစ်သိမ့်အားပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျုံပို့ရန် (၉၇)နှစ်

ရန်ကုန်မြို့၊ (၂)ရပ်ကွက်၊ ၁၇လမ်း၊ အမှတ်(၁၀၀)၊လေးထပ်နေ (ဦးစွန်ဘွန်ရီ)၏ဇနီး၊ ဦးစွန်ချိန်ခွန်း(ခ)ဦးပု–(ဒေါ်ကျင်အေး)၊ ဦးစွန်ချိန်ရှု–(ဒေါ်လင်အိုက်)၊ [ဦးစွန်ချိန်အိန်း(ခ)ဦးစိန်ငွေ]–တန်အိုက်လျှန်တို့၏ မွေးသမိခင်၊ မြေး ၂၆ယောက်၊ မြစ်၁၉ယောက်တို့၏ အဘွားသည် ၁၄–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၆–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဗိုလ်ကြီးကျော်မြင့်(ငြိမ်း)
အသက်(၇၄)နှစ်

မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နေ (ဦးစိန်–ဒေါ်ခ)တို့၏ သား၊ ရန်ကုန်တိုင်း၊ ဒဂုံတောင်မြို့နယ်၊ အမှတ်(၁)စစ်မှုထမ်းဟောင်း၊ စံပြကျေးရွာ၊ အမှတ်(၃/၃/၁၀)နေ ဒေါ်သန်းသန်းသွင်၏ခင်ပွန်း၊ ဦးသုစိတ္တ(ရှင်မတီစွန်ပါ၊ မဟာသမယကျောင်း၊ ဒေးစွန်ပါ)၊ ကိုတင်ရွှေ–မဆွေဆွေသင်း၊ မချိုချိုသင်းတို့၏ဖခင်၊ မထက်ထက်ဇော်၏ အဘိုးသည် ၁၂–၆–၂၀၀၄(စနေနေ့)တွင် အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ မီးရထားရိပ်သာ၊အမှတ်(က/၁)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ ရက်နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၉–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) တွင် ခရစ်တော်၌အိပ်ပျော်သွားခဲ့သော ဖီထဲစေ (၉၅) နှစ်၏ ဈာပနတွင် လိုက်ပါပို့ဆောင်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သွယ်
(ဂီတစာဆိုမောင်ကြေးမုံ)
အသက်(၆၃)နှစ်
(မင်းလှ)

မင်းလှမြို့နေ(ဦးသွယ်–ဒေါ်ကျောက်)တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၂၂)၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေ ဒေါ်ထားသဥ္စာ၏ ခင်ပွန်း၊ ဦးကြည်လွင်၊ ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းသွယ်၊ (ဦးစိုးလွင်)တို့၏ မောင်၊ညီ၊အစ်ကို၊ ဦးဇေယျ၊ ဒေါ်သီတာ (အလက၊မငေးစု)၊ ကိုသီဟသွယ်–မခက်ခက်မာငြိမ်း၊ ကိုခန့်ချော (နိုင်ငံတကာစီးပွားရေး ဂျာနယ်)၊ (မောင်ကျော်ဇေယျ)တို့၏မွေးသဖခင်၊မောင်ကောင်းမွန်အောင် (အထက–၂၊ ဒဂုံ)၊ မောင်ညီဇေမင်း (အထက–၁၊ကမာရွတ်)၊ မောင်နေမျိုးသီဟ(မူကြို–၃)တို့၏ အဘိုးသည် ၁၄–၆–၂၀၀၄(တနင်္လာနေ့)တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံ SOJITZ Corporation မှ ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂျပန်နိုင်ငံ SOJITZ Corporation မှ ဥက္ကဋ္ဌ Mr. Kazunori Teraoka နှင့်အဖွဲ့အား ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဂျပန်နိုင်ငံ SOJITZ Corporation မှ ဥက္ကဋ္ဌ Mr. Kazunori Teraoka နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့များ ညှိနှိုင်းဆွေးနွေး အကြံပြုစာတမ်းများ ဖတ်ကြားတင်သွင်း

ရန်ကုန် ဇွန် ၁၅

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ သဘာပတိအဖွဲ့ဝင်များနှင့် အကြံပြုစာတမ်း ပြုစုတင်ပြသည့် စာတမ်းပြုစုသူများ ညှိနှိုင်းဆွေးနွေးပွဲနှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အကြံပြုစာတမ်း ဖတ်ကြားခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုသူများ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ဖွင့်ဆော်ဦးဂိုး

ဇွန် ၁၄ရက်ကကျင်းပသည့် ယူရို–၂၀၀၄ အုပ်စု(ဂ) ဆွီဒင်နှင့် ဘူဂေးရီးယားပွဲတွင် ပထမပိုင်း ၃၂မိနစ်၌ ဆွီဒင်မှ ဖရက်ဒီယွန်းဘတ်က ဖွင့်ဆော်ဦးဂိုး သွင်းယူစဉ်။

(အင်တာနက်)

အိမ်ရှင်အုပ်စုတက်ရေးမျှော်လင့်ချက် စပိန်ခြေထဲမှာရှိ ပေါ်တူဂီနည်းပြ စကိုလာရီ လူငယ်များကို ပွဲထုတ်နိုင်

ရန်ကုန် ဇွန် ၁၅

အုပ်စု(က)မှ အသင်းများ တစ်ပွဲစီ ကစားပြီးကြပြီ။ ဂရိက ပေါ်တူဂီကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်သည်။ စပိန်က ရုရှားကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။ စပိန်နှင့်ဂရိတို့သည် သုံးမှတ်စီရထားကြသည်။ ပေါ်တူဂီနှင့် ရုရှားမှာ တစ်မှတ်မှ မရသေးဘဲ အုပ်စု(က) ဒုတိယပွဲစဉ်များကို ယနေ့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်။

ဇွန် ၁၆ ရက်
ဗုဒ္ဓဟူးနေ့
ည ၁၀း၃၀ နာရီ
ဂရိနှင့် စပိန်

ပွဲဦးနိုင်ထားသော အသင်းနှစ်သင်း ဆုံကြခြင်းဖြစ်သည်။ နှစ်သင်းစလုံး၏ ကစားပုံများသည် မြန်ဆန်သွက်လက်ကြသည်။ ဂရိက စပိန်ထက် ပို၍ မြန်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❐

သတင်းဆောင်းပါး
ဂမ်ဆိုင်း

ဆွီဒင်နှင့် ဘူဂေးရီးယားပွဲတွင် ဒုတိယပိုင်း ၅၇မိနစ်၌ ဆွီဒင်အသင်းအတွက် ဒုတိယဂိုးကို လာဆင်(နံပါတ်–၁၁) ခေါင်းတိုက်သွင်းယူအပြီး အောင်ပွဲခံနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ယူရို–၂၀၀၄ အုပ်စု(ဂ) ဒုတိယပွဲစဉ်

(၁၄–၆–၂၀၀၄)

ဆွီဒင်	–	ငါးဂိုး။
ဘူဂေးရီးယား	–	ဂိုးမရှိ။